ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏

လောကဌ် အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဌ် ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် (ဓမ္မပဒ– ၃၃၂)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် သောကြာနေ့။ Friday, 20 November 2026 ၁၂၆၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသိရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကုံတော်အတွင်းရှိ အဂ္ဂါမိဝတီ သာသနာ့ဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့မင်းကျောင်းပထမပြန် စာသင်တိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယနေ့ ဖတ်စရာ

မော်ချေမြိုင်က ပြန်ခဲ့သည်...

ဆောင်းပါး

စာမျက်နှာ » ၈

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကမ္ဘာကလေးများနေ့ကို ဂုဏ်ပြုကြိုဆိုသည့် သတင်းထုတ်ပြန်ချက် (၁၂/၂၀၂၆)

စာမျက်နှာ » ၁၂

ကရင်ပြည်နယ်အတွင်း စပါးအထွက်နှုန်းမှန်ကန်စွာ သိရှိနိုင်ရန်အတွက် မိုးစပါး စံကွက်ပေါင်း ၁၈၁၁ ကွက် ရိတ်သိမ်းသွားမည်


စာမျက်နှာ » ၁၆

နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၉

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"အခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"သည် စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻



တန်ဆောင်တိုင်ပွဲတော်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပြည်သူများအဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး မြို့ကြီးများတွင် ဆိတင်ယာဉ်များ အရန်သင့်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၁၉

တန်ဆောင်တိုင်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလအတွင်း ခရီးသွားလာမှုများပြားနိုင်သည့် ရန်ကုန်–ပဲခူး–နေပြည်တော်–မန္တလေး အမြန်လမ်း၊ ရန်ကုန်–ပုသိမ်–ချောင်းသာ–ငွေဆောင်လမ်း၊ သာစည်–ကလော–အင်းလေး–တောင်ကြီးလမ်း၊ မန္တလေး–မိတ္ထီလာ–ကျောက်မန်းတောင်း–ပုပွား–ပုဂံလမ်း၊ မန္တလေး–ပြင်ဦးလွင် လမ်းနှင့် ရန်ကုန်–ပဲခူး–မော်လမြိုင် လမ်းကြောင်းများပေါ်ရှိ စက်သုံးဆီ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖





သယံဇာတအရင်းအမြစ်များကိုအသုံးချ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖော်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နိုဝင်ဘာ ၁၈ ရက်တွင် ပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့အစီအစဉ်သို့ တက်ရောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၀၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၅ တို့နှင့်အညီ အစိုးရသစ်နိုင်ငံတဝန်းယူပြီး ရက်ပေါင်း ၂၂၂ ရက်ပြည့်မြောက်သည့်ကာလ၌ နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်သမ္မတက နိုင်ငံတော်အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်းပြီး မိန့်ခွန်းပြောကြားခဲ့ရာတွင် "လက်ရှိအချိန်တွင် မိမိတို့ကြုံတွေ့နေရသည်မှာ ကုန်စျေးနှုန်းကြီးမြင့်မှုပြဿနာပင်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်စားသုံးမှု မမျှတပါက မည်သည့်နိုင်ငံပင်ဖြစ်စေ ပစ္စည်းရှားပါးပြီး ကုန်စျေးနှုန်းကြီးမြင့်မှုပြဿနာ ဖြစ်ပေါ်နေသည်ကို ခေတ်အဆက်ဆက်တွင် လေ့လာတွေ့ရှိနိုင်ကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကြီးမြင့်ခြင်းကြောင့်လည်း ကုန်စျေးနှုန်းများ ကြီးမြင့်နိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုရှိမှသာ ကုန်ပစ္စည်းများရရှိနိုင်မည်ဖြစ်ပြီး ကုန်ပစ္စည်းမရှိပါက ရောင်းကုန်များ မရရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် မြို့ပြနေလူဦးရေ ၁၅ သန်းခန့်ရှိပြီး နေ့စဉ်စားသုံးရန်အတွက် ကြက်ဥအလုံးရေ ၁၅ သန်းခန့်လိုအပ်ကြောင်း၊ ဥနှုန်း ၈၀ ရာခိုင်နှုန်းရှိ ဥစားကြက် သန်း ၂၀ ခန့်မွေးမြူရန်၊ ဥနှုန်း ၇၀ ရာခိုင်နှုန်းဆိုပါက ဥစားကြက် ၂၂ သန်းခန့်၊ ဥနှုန်း ၆၀ ရာခိုင်နှုန်းဆိုပါက ဥစားကြက် ၂၅ သန်းခန့်လိုအပ်ကြောင်း၊ အဆိုပါအချက်ကို ဥပမာယူပြီး ဒေသအလိုက် ကုန်စျေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရေး မွေးမြူရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားရန်လိုကြောင်း" ပြောကြားသည်။

အခြားနိုင်ငံများတွင် ပြည်တွင်းစားရေးကို အထောက်အကူပြုနိုင်မည့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံအနေဖြင့် ထုတ်လုပ်မှုနှင့်စားသုံးမှု မျှတစေရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်သွားကြရမည်။ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်များကိုအသုံးပြု၍ တိရစ္ဆာန်အစာများထုတ်လုပ်ပြီး မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ မြန်မာနိုင်ငံတွင် စားရေးကို အထောက်အကူပြုစေမည့် မွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးတက်အောင်ထုတ်လုပ်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချပေးနိုင်မည်ဆိုပါက ကုန်စျေးနှုန်းများ ကျဆင်းလာမည်ဖြစ်သည်။ အစိုးရအနေဖြင့် ကုန်စျေးနှုန်းကျဆင်းရေးကို အထောက်အကူဖြစ်စေမည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်ရေးအတွက် မီးရထားဖြင့် ကုန်ရထားပြေးဆွဲခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိကာလတွင် ကမ္ဘာပေါ်၌ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများအရ စက်သုံးဆီစျေးနှုန်းများ မြင့်တက်လျက်ရှိသောကြောင့် ပြည်တွင်းစက်သုံးဆီစျေးနှုန်းများ အဆမတန်မြင့်တက်မှုများ မရှိစေရန်အတွက် ပြည်ပမှ စက်သုံးဆီတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုထားသည်။ အလားတူ ပြည်တွင်း၌ လိုအပ်လျက်ရှိသည့် ဓာတ်မြေဩဇာများ တင်သွင်းရာတွင် အခွန်နှုန်းထားများလည်း လျှော့ချပေးထားသည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းကုန်စျေးနှုန်းကျဆင်းရေး ဆောင်ရွက်ရာတွင် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာအောင် ဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကိုဖန်တီးပေးရန်နှင့်လုပ်ငန်းရှင်များက အရင်းအနှီးများထည့်ဝင်ပြီး အလုပ်အကိုင်နှင့် ကုန်ထုတ်လုပ်မှုများကို ဖော်ဆောင်ပေးရန်လိုသည်။ နိုင်ငံတော်သမ္မတ၏ပြည်ပခရီးစဉ်များတွင် မြန်မာနိုင်ငံသို့ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ လာရောက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပြီး အချို့နိုင်ငံကြီးများအနေဖြင့် အစိုးရနှင့်လာရောက်ဆွေးနွေးကာ ဆောင်ရွက်နေကြပြီဖြစ်သည်။

အစိုးရအနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၆၈ ခု ခွင့်ပြုပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၃၁၃ ခုကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။ နိုင်ငံအတွင်း စိုက်ပျိုးမြေများ လုံလောက်စွာရှိသကဲ့သို့ ရေအရင်းအမြစ်များလည်း ပေါများကြွယ်ဝစွာတည်ရှိသည်။ စိုက်ပျိုးမြေ၊ စိုက်ပျိုးရေကို အပြည့်အဝအသုံးချနိုင်ခြင်းမရှိသေးဘဲ အချည်းနီးများစွာရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရှိပြီးဖြစ်သည့် မြေသယံဇာတ၊ ရေသယံဇာတများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် စနစ်တကျအသုံးချ ဆောင်ရွက်သွားမည်ဆိုပါက စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ယခုထက်များစွာတိုးတက်အောင် ဆောင်ရွက်နိုင်ပြီး ကုန်စျေးနှုန်းကျဆင်းရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ အဓိကလိုအပ်ချက်မှာ အားလုံးက အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် အလုပ်အကိုင်များလုပ်ကိုင်နိုင်ရေး နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးလျက်ရှိပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၄-၁၂-၂၀၂၆)

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဓာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားစောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍတို့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

(၁၉-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၇,၈၁၇,၀၁၃.၇၀	-	၁၃,၆၆၇,၆၅၀.၁၃	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၁၉ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၀၀၀၀ ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၁၁ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၃,၀၀၀	၂၂,၅၀၀	၂,၁၆၆	၄၈,၇၆၀,၅၀၀
MTSH	၈,၈၀၀	၈,၇၀၀	၃,၈၃၇	၃၂,၈၂၈,၄၀၀
MCB	၁၃,၅၀၀	၁၃,၀၀၀	၃၅၄	၄,၆၂၉,၀၀၀
FPB	၇,၀၀၀	၇,၀၀၀	၉	၆၂,၇၀၀
TMH	၃,၄၀၀	၃,၄၅၀	၁,၀၇၁	၃,၆၉၄,၈၀၀
EFR	၁,၆၅၀	၁,၆၀၀	၄,၀၃၆	၆,၄၅၈,၅၅၀
AMATA	၄,၂၀၀	၄,၁၀၀	၉၀၂	၃,၆၀၈,၃၀၀
MAEX	၆,၅၀၀	၆,၅၀၀	၁၁	၇၁,၅၀၀
MADPL(PLB)	၆,၈၀၀	၆,၇၀၀	၁၆	၁၀၇,၃၀၀
ASPGB(PLB)	၅,၆၀၀	၅,၆၀၀	၁၃,၁၃၉	၇၃,၅၇၈,၄၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဒွဲ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း - ခင်မိမိဇော်အောင်၊
သတင်းထောက်များ - ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာလွှေ၊ ခင်ယုဆွေ့၊
အငယ်တန်း - အောင်ကျော်ဦး၊ သန်းတင်အောင်
သတင်းထောက်များ - ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင်းအဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒေစာရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကထိန်အလှူခံကျောင်း ရာဇာနီ သာမဏေကျောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဇောဘာသထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ ရှေ့ဖုံးမှ

ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတာဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ပဉ်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အဂ္ဂါမိပတိ သာသနာ့ဓိမာန်တော်ကြီး အတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များသည် လှူဒါန်းရန်အတွက် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဏဂုံတော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရာဇာနီ သာမဏေကျောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဇောဘာသထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီးတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တ အာဒိစ္စဝံသထံလည်းကောင်း ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက လှူဒါန်းရန်အတွက် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြစဉ်။



ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ စာမျက်နှာ ၃ မှ

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဧည့်ပရိသတ်များသည် နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဝင် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် တိုက်အုပ် ဆရာတော် မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညနှင့် နိုင်ငံတော် ဗဟိုသံဃ့ဝန်ဆောင် ပျဉ်းမနားမြို့ အုန်းတောကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ တိဿတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၈ ပင်၊ တန်ဖိုးငွေကျပ် ၁၀၄၆ သိန်းကျော်နှင့် လှူဒါန်းငွေကျပ် သိန်းပေါင်း ၁၆၇၁ သိန်းကျော်ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် သိန်းပေါင်း ၂၇၁၇ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓေမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီးတို့က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီးတို့က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ပြည်ထောင်စု ရွှေကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



❖ တန်ဆောင်တိုင်မှ

အရောင်းဆိုင်များတွင် အများပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် လိုအပ်သည့်စက်သုံးဆီများကို အမြန်ဖြည့်တင်းရောင်းချပေးနိုင်ရန် စက်သုံးဆီတင်ယာဉ်များဖြင့် တစ်နိုင်ငံလုံးရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများ ပုံမှန်ဖြည့်တင်းထားရှိပြီးဖြစ်သည့်အပြင် အရန်ဆီများ ကြိုတင်ထားရှိစီမံဆောင်ရွက်ထားရှိပြီးဖြစ်သည်။

အများပြည်သူတို့အနေဖြင့် စက်သုံးဆီများကို မြို့ကြီးများနှင့် ခရီးလမ်းတစ်လျှောက်တွင် သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း ဝယ်ယူသုံးစွဲနိုင်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်္ဂလားဒေ့ရှ်စ်သမ္မတ ဒေါက်တာ မိုဟာမက်ရှာဟာဗုဒ္ဒင်အဖွဲ့ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်္ဂလားဒေ့ရှ်စ်သမ္မတ ဒေါက်တာ မိုဟာမက်ရှာဟာဗုဒ္ဒင်အဖွဲ့ ဝင် ၁၀ ဦးတို့အား နိုဝင်ဘာ ၁၉ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်္ဂလားဒေ့ရှ်စ်သမ္မတ ဒေါက်တာ မိုဟာမက်ရှာဟာဗုဒ္ဒင်အဖွဲ့ ဝင် ၁၀ ဦးတို့အား နိုဝင်ဘာ ၁၉ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်စ်အတွင်းရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ်စ်အဖွဲ့သည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်သည့်အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း ဘင်္ဂလားဒေ့ရှ်စ် အတွင်းရေးမှူးချုပ်တာဝန် လွှဲပြောင်းရယူထမ်းဆောင်ရမည်ဖြစ်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်စ်အဖွဲ့ဝင်နိုင်ငံများအနက် ကုန်းတွင်းပိတ်နိုင်ငံများဖြစ်သော နီပေါနိုင်ငံနှင့် ဘူတန်နိုင်ငံတို့၏ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးဒဏ် ကာကွယ်တားဆီးရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပိုင်းဝန်းကူညီဆောင်ရွက်သင့်သည့် အခြေအနေများ၊ မကြာမီကျရောက်တော့မည့် ဘင်္ဂလားဒေ့ရှ်စ်အဖွဲ့ တည်ထောင်မှု နှစ် (၃၀) ပြည့် အခမ်းအနားကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်စ် အဖွဲ့ဝင်နိုင်ငံ အစိုးရများအချင်းချင်း၊ ပြည်သူများအချင်းချင်း ဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများ ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်္ဂလားဒေ့ရှ်စ် အတွင်းရေးမှူးချုပ် H.E. Mr.Indra Mani Pandey လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်စ် အတွင်းရေးမှူးချုပ် H.E. Mr.Indra Mani Pandey အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


*** နေရာကွက်ကျားမှ**

မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၄၇၀ ခန့်၊ အိန္ဒိယနိုင်ငံဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၀၀ ခန့်နှင့် ပူရီမြို့၏ တောင်ဘက် ရေမိုင် ၂၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်” သည် မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၄.၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅.၃ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၉၅၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်းခန့်ဖြစ်သည်။



၁၉-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၂:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”(AKVAN)လမ်းကြောင်းပြမြေပုံ။

နောက် ၃၆ နာရီအတွင်း ခန့်မှန်းချက်

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်” သည် မြောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းနှင့် ဩရိသာပြည်နယ် တောင်ပိုင်းတို့ကို နာဆာပူမြို့နှင့် ပူရီမြို့တို့အကြား ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံအပြားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်သော အနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဧလ

ပေါင်းတည်မြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ ပညာပေးမွမ်းမံသင်တန်း ပို့ချ

ပေါင်းတည် နိုဝင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ပြည်တွင်းအခွန်များဦးစီးဌာနက လိုင်စင်ရတံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ ပညာပေးမွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၈ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ဖွင့်လှစ်ပို့ချခဲ့ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက အမှာစကားပြောကြားပြီး ရုံးခွန်နှင့် အခွန်တံဆိပ်ရောင်းချခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ကိစ္စရပ်များနှင့်ပတ်သက်၍ မြို့နယ်အတွင်းရှိ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား အသိပညာပေးပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ နိုကာရာဂွါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုကာရာဂွါနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော် သံအမတ်ကြီးကို မိမိတို့ပြည်သူ့လွှတ်တော်က လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပထမဆုံး ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် တရားဝင်သံတမန်ဆက်ဆံရေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၆ ရက်မှစ၍ ထူထောင်ခဲ့ကြပြီး နှစ်နိုင်ငံသံရုံးများ အပြန်အလှန် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြပါကြောင်း ပြောကြားသည်။



ထို့နောက် နိုကာရာဂွါသံအမတ်ကြီးက ပြောကြားရာတွင် ယခုလို တွေ့ဆုံခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုသာမက လွှတ်တော်အချင်းချင်း၊ ပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးနှင့် အပြန်အလှန် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခြင်းနှင့် အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားလိုပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လေ့လာရေး ခရီးစဉ်များနှင့် အတွေ့အကြုံ အမြင်ချင်းဖလှယ်ရေး ဆိုင်ရာကိစ္စရပ်များကိုလည်း ဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေစဉ်ကာလ အတွင်း မိမိတို့နှစ်နိုင်ငံ၏ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်၏ ပြောကြားချက်များကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် ယခုမှ စတင်ထူထောင်ကြသော်လည်း ကုလသမဂ္ဂ၊ ဘက်မလိုက်အဖွဲ့၊ WTO၊ IPU တို့တွင် အတူပါဝင်ခဲ့ကြသူများဖြစ်၍ မိတ်ဆွေနိုင်ငံများပင်ဖြစ်ကြသည်ဟု ဆိုနိုင်ပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ မိမိတို့နိုင်ငံ၏ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ မိမိတို့လွှတ်တော်တွင် နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရေးအတွက် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ တိုးမြှင့်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း၊ လွှတ်တော်ရေးရာကော်မတီများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် ပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန် အဆွေတော်၏ ကမ်းလှမ်းပြောကြားချက်များကို အထူးကြိုဆိုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ စတင်နိုင်ရန် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုလို သံတမန်အတွေ့အကြုံကြွယ်ဝသည့် သံအမတ်ကြီး တာဝန်ထမ်းဆောင်နေစဉ်ကာလတွင် မိမိတို့နှစ်နိုင်ငံ၏ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံရုံးယာယီတာဝန်ခံ/ အကြီးတန်းသံမှူး Mr. Aleh Holubeu အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် နေပြည်တော် အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံရုံးယာယီတာဝန်ခံ/ အကြီးတန်းသံမှူး Mr. Aleh Holubeu အား ယနေ့မွန်းလွဲ ၃ နာရီတွင် ရုံးအမှတ် (၁) အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ဘယ်လာရုစ်နိုင်ငံ၌ ကျင်းပခဲ့သည့် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးနှင့် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ စက်မှုပြပွဲသို့ တက်ရောက်စဉ် ဆွေးနွေးခဲ့သည့် နှစ်နိုင်ငံ သဘောတူညီ ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)၌ ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)နှင့် အပန်းဖြေရိပ်သာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန် စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)၌ ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ)နှင့် အပန်းဖြေရိပ်သာ (Recreation Centre) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီကောင်းမွန်စွာဖြင့် သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးမြောက်စေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျောင်းဖွင့်ရက်မတိုင်မီ ကျောင်း၌ပဓိရုပ်ကောင်းမွန်စေရေး၊ စာသင်ဆောင်များ၊ စာသင်ခုံများ သန့်ရှင်းသပ်ရပ်စေရေး၊ တက္ကသိုလ်ပရဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိ ကြစေလိုကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးစဉ် တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)ရှိ အစည်းအဝေးခန်းမတွင် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံရာ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က တက္ကသိုလ်၏ သမိုင်းကြောင်း၊ ဖွင့်လှစ်သင်ကြား ပို့ချလျက်ရှိသည့် သင်တန်းများ၊ တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒဂုံတက္ကသိုလ်နှင့် ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်တို့သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ အပန်းဖြေရိပ်သာ (Recreation Centre) ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ တက္ကသိုလ်မုခ်ဦး မိန်းလမ်းဘေးရှိ ရေဝပ်သောနေရာများတွင် မြေဖို့ ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရေရှားမည့်ဘေးရှောင်ရှားဖို့ ရေချို့အရင်းအမြစ်များကို ထိန်းသိမ်းစို့

သဘာဝကပေး ရေချို့အေး၊ ခန်းခြောက် မသွားအောင် ထိန်းသိမ်းပေး

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ နိကာရာဂွါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၉

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ နိကာရာဂွါနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ခိုင်မာတိုးတက်လာမှုနှင့် နှစ်ဖက်သံရုံးများ အပြန်အလှန်ဖွင့်လှစ်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲနှင့် အစိုးရသစ်ပေါ်ပေါက်လာမှုအပေါ် ထောက်ခံအားပေးခဲ့မှု၊ မြန်မာ့လွှတ်တော်ဖွဲ့စည်းပုံနှင့် နိုင်ငံတကာပါလီမန်အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အတွေ့အကြုံဖလှယ်ရေး တိုးမြှင့်ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအခြေခံချင်း ဖလှယ်ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အတူ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နေ့တောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကျင်းပ

ဟားခါး နိုဝင်ဘာ ၁၉

ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၆)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အမှာစကားပြောကြား

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစိတ်ဝင်စားသည့်လုပ်ငန်းရှင်များ၏ လျှောက်လွှာများကို စိစစ်အတည်ပြုခြင်း၊ ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ယခုအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် အချက်များကို လွတ်လပ်စွာ ဆွေးနွေးတင်ပြကြစေလိုကြောင်း ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းတောက်အောင်က ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ယခုအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဖွဲ့စည်းမှု တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အစည်းအဝေးကျင်းပခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းမှုနှင့်လုပ်ငန်းတာဝန်များကို တစ်ချက်ချင်းစီ ဆွေးနွေးဆုံးဖြတ်ကြသည်။

ထို့ပြင် ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များဖြစ်ကြသည့် ပြည်နယ်စီမံကိန်း စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလျန်ဇုဝဲ၊ ပြည်နယ်ဗိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးပေါင်ဇလန်၊ ပြည်နယ် ဥပဒေချုပ် ဦးကပ်တလွန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးညီညီနိုင်တို့က အကြံပြုဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဥတ္တရသီရိမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေး ဟောပြော

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက်က ဥတ္တရသီရိမြို့နယ် မိုးဇွေကျေးရွာ၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဟောပြောပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်များ၊ အယ်လ်နီညိုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုများ၊ ဆောင်ရန်/ရှောင်ရန်အချက်များနှင့် ဦးစီးဌာနမှ အယ်လ်နီညိုနှင့်ပတ်သက်၍ မွေးမြူရေးကဏ္ဍအပေါ် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းဟောပြောသည်။

ယင်းနောက် ဥတ္တရသီရိမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး က အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကံရိုးကျေးရွာ Pahtama group ၌ မြို့နယ်မီးသတ်ဦးစီးဌာနက နိုဝင်ဘာ ၁၈ ရက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှုများကို ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



ဖလမ်းမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် မြေထိန်းနံရံ တည်ဆောက်ပြီးစီးပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဖလမ်း နိုဝင်ဘာ ၁၉

အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ဖလမ်းမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် မြေထိန်းနံရံတည်ဆောက်ပြီးစီးပြီး ဆိုလာမီးတပ်ဆင်ထားရှိ၍ ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ ဝန်ထမ်းအိမ်ရာများ ရာနှုန်းပြည့်ပြုပြင်ပြီးစီးသဖြင့် ဝန်ထမ်းများ အခြေချနေထိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် အတူ ယနေ့နံနက်ပိုင်းက အဆိုပါဝန်ထမ်းအိမ်ရာများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူးရုံး၊ အဆောက်အအုံရာနှုန်းပြည့်ပြုပြင်ပြီးစီးမှုနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ မှတ်ပုံတင်လာရောက် လျှောက်ထားသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။



မြို့နယ်ဦးစီးမှူးရုံးတွင် အသက် (၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ပြားများဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီးပျောက်ဆုံးသူများအား မိတ္တူဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ပျက်စီးပျောက်ဆုံးသူများအား မိတ္တူဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေခွဲထွက်၊ ပြောင်းဝင်/ပြောင်းထွက်၊ မွေးတိုး/သေဆုံးစာရင်းများ ဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ထို့မှတစ်ဆင့် စာရင်းစစ်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် ရုံးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် လမ်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိရုံး အဆောက်အအုံ ရာနှုန်းပြည့် ပြုပြင်ပြီးစီးမှု၊ ဆိုလာမီးများ တပ်ဆင်ပြီးစီးမှုနှင့် ဝန်ထမ်းအိမ်ရာပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ဝန်ထမ်းအိမ်ရာသည် နှစ်(၁၀၀) ကျော် အဆောက်အအုံဖြစ်သည့်အတွက် မူလလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

မိုးခေါင်ရေရှား ရင်ဆိုင်ကြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏

မော်ရွှေမြိုင်က ပြန်ခဲ့သည်...

ဉာဏ်သစ်(မန်းတက္ကသိုလ်)

သံလွင်လေ၊ မွန်ယဉ်ကျေးမှု၊ စာပေနှင့် အမှတ်တရများ

မော်လမြိုင်သို့ ရောက်ဖူးသူတစ်ဦးဦးသည် ထိုမြို့မှပြန်လည် ထွက်ခွာလာသည့်အခါ မြို့တစ်မြို့ကို နောက်ကွယ်တွင်ချန်ထားခဲ့ရသည်ဟု ခံစားရမည်မဟုတ်ပါ။ သံလွင်မြစ်၏ လေပြည်၊ တောင်ရိုးတန်းမှ ဆည်းလည်းသံတလွင်လွင်၊ တောင်ကုန်းပေါ်မှ စေတီတော်များ၏ ရွှေရောင်အလင်းတန်းများ၊ ကိုလိုနီခေတ်အဆောက်အအုံများ၏ ရှေးဟောင်းအငွေ့အသက်၊ မွန်ရိုးရာအစားအစာများ၏ အရသာနှင့် ဒေသခံတို့၏ ရိုးသားဖော်ရွေမှုတို့ကိုပင် နှလုံးသားထဲသို့ သယ်ဆောင်လာခဲ့ရသကဲ့သို့ ခံစားရမည်ဖြစ်သည်။

မော်လမြိုင်သည် မွန်ပြည်နယ်၏မြို့တော်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ သမိုင်း၊ ပညာရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုတို့ကို တစ်နေရာတည်းတွင် ထိတွေ့ခံစားနိုင်သည့် မြို့တစ်မြို့လည်း ဖြစ်သည်။ သံလွင်မြစ်နှင့် ပင်လယ်ကမ်းရိုးတန်းတို့၏အနီးဝန်းကျင်တွင် တောင်ကုန်းများ၊ မြစ်ဝှမ်းဒေသများ၊ ရှေးဟောင်းစေတီများနှင့် ကိုလိုနီခေတ်ဗိသုကာလက်ရာများ ပေါင်းစပ်တည်ရှိနေသည့်အတွက် မော်လမြိုင်သည် သမိုင်းနှင့် ယဉ်ကျေးမှုအလွှာများ ထပ်ဆင့်တည်ရှိနေသော မြို့တစ်မြို့ဖြစ်သည်။

သမိုင်း၏အသံများ ကြားနေရဆဲဖြစ်သောမြို့

မော်လမြိုင်၏အရေးပါမှုကို နားလည်ရန် ၁၉ ရာစုသို့ ပြန်လည်ကြည့်ရှုရမည်။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ၁၈၂၆ ခုနှစ် နောက်ပိုင်းတွင် မော်လမြိုင်သည် ဗြိတိသျှတို့၏အုပ်ချုပ်ရေးနှင့် ဆိပ်ကမ်းမြို့အဖြစ် အရေးပါလာခဲ့သည်။ ၁၈၂၇ ခုနှစ်တွင် အမေရိကန်နှစ်ခြင်းသာသနာပြုများ၊ ၁၈၂၈ ခုနှစ်တွင် ရိုမန်ကက်သလစ် သာသနာပြုများနှင့် ၁၈၃၃ ခုနှစ်တွင် အင်္ဂလိကန်သာသနာပြုများ မော်လမြိုင်သို့ ရောက်ရှိလာခဲ့ကြပြီး ပညာရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။

ထိုခေတ်၏ အမွေအနှစ်ကို ယနေ့တိုင် မြို့တွင်းရှိ ရှေးဟောင်းအဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများနှင့် လမ်းမများအတွင်း တွေ့မြင်နိုင်သည်။ ထို့ကြောင့် မော်လမြိုင်၏လမ်းတစ်လမ်း၊ အဆောက်အအုံတစ်လုံးကို ကြည့်ရှုခြင်းသည် မြို့ပြအလှကိုသာ ကြည့်ရှုခြင်းမဟုတ်ဘဲ ရာစုနှစ် နှစ်ခုနီးပါးအတွင်း တည်ဆောက်လာခဲ့သည့် သမိုင်းအလွှာများကို ဖတ်ရှုခြင်းလည်းဖြစ်သည်။

ထိုသို့သော အမှတ်တရများထဲတွင် ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးဘုရင် သီပေါမင်း၏ စတုတ္ထသမီးတော် အရှင်ထိပ်စုဖုရား၏ မော်လမြိုင်ဘဝသည်လည်း စိတ်ဝင်စားဖွယ်သမိုင်းအခန်းတစ်ခန်း ဖြစ်သည်။ မှတ်တမ်းများအရ သီပေါမင်းနတ်ရွာစံပြီးနောက် စတုတ္ထသမီးတော်သည် မန္တလေးမှ မော်လမြိုင်သို့အကျဉ်းစံဘဝဖြင့် ပြောင်းရွှေ့နေထိုင်ခဲ့ရပြီး အောက်မြန်မာပြည်၏ လူမှုဘဝတွင် ဘဝတစ်လျှောက် ဖြတ်သန်းခဲ့သည်။ ထိုသမိုင်းသည် ယနေ့မော်လမြိုင်၏ သမိုင်းမှတ်တမ်းတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ကျန်ရှိနေသည်။

ကျောင်းအမွေအနှစ်နှင့် အရောင်စုံဖဲကြိုးများ၏ မော်လမြိုင်

မော်လမြိုင်၏ ထူးခြားချက်တစ်ရပ်မှာ ပညာရေးသမိုင်းပင် ဖြစ်သည်။ အနောက်တိုင်းပညာရေးနှင့် သာသနာပြုကျောင်းများ ပေါ်ပေါက်လာခဲ့သကဲ့သို့ မြန်မာတို့၏ အမျိုးသားပညာရေးစိတ်ဓာတ်နှင့်ဆက်စပ်သည့် ကျောင်းများလည်း ပေါ်ပေါက်လာခဲ့သည်။ ထိုအထဲတွင် ယနေ့ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်းဟု လူသိများသော ရှင်မဟာဗုဒ္ဓဃောသ အမျိုးသားအထက်တန်းကျောင်းသည် အထူးအမှတ်ရစရာကောင်းသည်။

မှတ်တမ်းများအရ ကျောင်းကို ၁၈၉၉ ခုနှစ်တွင် သာသနာရေးအသင်း၏ ဦးဆောင်မှုဖြင့် တည်ထောင်ခဲ့ပြီး မြန်မာစာနှင့် ပါဠိစာပေတို့ကို သင်ကြားခဲ့သည့် အမျိုးသားပညာရေးဆိုင်ရာ အစောပိုင်းကျောင်းများအနက် တစ်ကျောင်းဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် မြန်မာ့အမျိုးသားရေးနှင့် ပညာရေးသမိုင်းတွင်လည်း ထင်ရှားသည့်မှတ်တိုင်တစ်ခု ဖြစ်ခဲ့သည်။

ထိုကျောင်း၏ သက်တမ်းရှည်သမိုင်းနှင့်အတူ ကျောင်းဝင်းအတွင်းရှိ သစ်ပင်ကြီးများသည်လည်း မျိုးဆက်များစွာ၏ ကျောင်းသားဘဝကို မြင်တွေ့ခဲ့သည့် သဘာဝသမိုင်းမှတ်တမ်းများသဖွယ်ဖြစ်နေသည်။ အရိပ်အာဝါသပေးသည့် သစ်ပင်ကြီးတစ်ပင်အောက်တွင် စာဖတ်ခဲ့ကြသူများ၊ မိတ်ဆွေများနှင့် စကားပြောခဲ့ကြသူများ၏ အမှတ်တရများသည် စာသင်ခန်းမှတ်တမ်းများထက်ပင် ရင်ထဲတွင် ပို၍ ရှည်လျားစွာ ကျန်ရစ်နေကြသည်။

အမှတ် (၉)ကျောင်း၏ သမိုင်းသည် ထိုမျှနှင့်မပြီးဆုံးခဲ့ပါ။ ကိုလိုနီခေတ်အတွင်း အမျိုးသားရေးစိတ်ဓာတ် နိုးကြားလာသည့်အချိန်တွင်လည်း လူငယ်များ၏ ပညာရေးနှင့် အမျိုးသားရေးအသိစိတ်ဖွံ့ဖြိုးရာနေရာတစ်ခုဖြစ်ခဲ့သည်။ ၁၉၂၉ ခုနှစ် မတ်လတွင် မဟာဗွာမဂန္ဓီ မော်လမြိုင်သို့ရောက်ရှိခဲ့ပြီး မတ်လ ၁၃ ရက်နေ့တွင် ရှင်မဟာဗုဒ္ဓဃောသကျောင်းၦ လူထုနှင့်တွေ့ဆုံခဲ့ကြောင်း ကျောင်းသမိုင်းမှတ်တမ်းများတွင် ဖော်ပြထားသည်။

အမျိုးသမီးပညာရေးဘက်မှကြည့်လျှင်လည်း မော်လမြိုင်သည် ထူးခြားသောသမိုင်းရှိသည့်မြို့ဖြစ်သည်။ ယနေ့ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၏ အစပြုသမိုင်းသည် Morton Lane Girls' School နှင့် ဆက်စပ်နေပြီး မိန်းကလေးများအတွက် ပညာရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးခဲ့သည့် သမိုင်းကြောင်းရှိသည်။ ထို့အပြင် ယနေ့ အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်းနှင့် ဆက်စပ်သည့် ကျောင်းသမိုင်းအမှတ်တရများကလည်း မော်လမြိုင်၏ ပညာရေးအမွေအနှစ်ကို ပိုမိုအသက်ဝင်စေသည်။

ကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်း မတူညီသည့်အရောင်ဖဲကြိုးများ ဝတ်ဆင်ကြသည့်ဓလေ့သည်လည်း ဒေသခံတို့၏ ကျောင်းသားဘဝအမှတ်တရထဲတွင် ထူးခြားသည့်လူမှုယဉ်ကျေးမှုအမှတ်အသားတစ်ရပ်အဖြစ် ကျန်ရစ်နေသည်။ ဖဲကြိုးအရောင်တစ်ရောင်ကို မြင်လိုက်ရုံဖြင့် ဘယ်ကျောင်းကလဲဟု ခန့်မှန်းသိရှိနိုင်ခဲ့သည့် ထိုအလေ့အထသည် ကျောင်းအမည်တစ်ခုကိုသာ ခွဲခြားပေးခဲ့ခြင်းမဟုတ်ဘဲ ကျောင်းတစ်ကျောင်းချင်းစီ၏ ကိုယ်ပိုင်အမှတ်သညာကိုပါ ဖော်ပြပေးခြင်းဖြစ်သည်။

> **"မော်လမြိုင်၏ ထူးခြားချက်တစ်ရပ်မှာ ပညာရေးသမိုင်းပင်ဖြစ်သည်။ အနောက်တိုင်းပညာရေးနှင့် သာသနာပြုကျောင်းများ ပေါ်ပေါက်လာခဲ့သကဲ့သို့ မြန်မာတို့၏ အမျိုးသားပညာရေးစိတ်ဓာတ်နှင့် ဆက်စပ်သည့်ကျောင်းများလည်း ပေါ်ပေါက်လာခဲ့သည်။ ထိုအထဲတွင် ယနေ့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းဟု လူသိများသော ရှင်မဟာဗုဒ္ဓဃောသ အမျိုးသားအထက်တန်းကျောင်းသည် အထူးအမှတ်ရစရာကောင်း"**

မွန်စာပေ၏ အလင်းရောင်နှင့် မော်လမြိုင်၏ စာပေအမွေအနှစ်

မော်လမြိုင်၏ ယဉ်ကျေးမှုအမွေအနှစ်ကို ပြောဆိုရာတွင် မွန်စာပေကို ချန်ထား၍မရနိုင်ပါ။ မွန်စာပေသည် ရှေးဟောင်းကျောက်စာများ၊ ပေစာများ၊ ရာဇဝင်များ၊ ဘာသာရေးစာပေများ၊ ကဗျာနှင့် ပုံပြင်များမှ တစ်ဆင့် ခေတ်အဆက်ဆက် ရှင်သန်လာခဲ့သည့် စာပေအစဉ်အလာ တစ်ရပ်ဖြစ်သည်။ မွန်စာပေ၏ ရှည်လျားသောအစဉ်အလာသည် မွန်လူမျိုးတို့၏ သမိုင်းနှင့် ယဉ်ကျေးမှုမှတ်ဉာဏ်ကို ထိန်းသိမ်းပေးသည့် အရေးပါသော အမွေအနှစ်တစ်ရပ်လည်းဖြစ်သည်။

ထိုစာပေအမွေအနှစ်ကို သုတေသနပြု၊ မှတ်တမ်းတင်ပြီး ပညာရပ်ဆိုင်ရာနယ်ပယ်သို့ မိတ်ဆက်ပေးခဲ့သူများအနက် ပါမောက္ခ ဒေါက်တာနိုင်ပန်းလှသည် အထူးထင်ရှားသည်။ မွန်လူမျိုးတို့၏ သမိုင်း၊ စာပေနှင့်ယဉ်ကျေးမှုကို နက်ရှိုင်းစွာလေ့လာခဲ့သည့် သူ၏ လက်ရာများသည် မွန်လူမျိုးတို့၏ယဉ်ကျေးမှုကို ထိန်းသိမ်းပေးသည့် စာပေအမွေအနှစ်များအဖြစ်သာမက မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှ၏ လူမျိုးစုသမိုင်းနှင့် စာပေကို လေ့လာလိုသူများအတွက်လည်း အရေးပါသောအရင်းအမြစ်များဖြစ်သည်။

ယနေ့ခေတ်တွင်လည်း မော်လမြိုင်နှင့် မွန်ဒေသရှိ မွန်စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသည် မွန်ဘာသာစကားသင်တန်းများ၊ မွန်ဘာသာပြန်သင်တန်းများနှင့် ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထိုလုပ်ဆောင်ချက်များသည် ရှေးဟောင်းစာပေအမွေအနှစ်ကို ပြတိုက်ထဲတွင်သာ ထားရှိခြင်းမဟုတ်ဘဲ မျိုးဆက်သစ်များ၏ နေ့စဉ်ဘဝထဲသို့ ပြန်လည်သယ်ဆောင်ပေးခြင်းဖြစ်သည်။

မွန်အမျိုးသားနေ့—စာပေ၊ ဘာသာစကားနှင့် ရိုးရာဓလေ့များ ရှင်သန်ရာနေ့

မွန်အမျိုးသားနေ့သည် မွန်လူမျိုးတို့၏ သမိုင်းမှတ်ဉာဏ်နှင့် အမျိုးသားရေးအသိအမှတ်ပြုမှုတို့ကို ထိန်းသိမ်းဖော်ထုတ်ပေးသည့် အရေးပါသောနေ့ဖြစ်သည်။ မွန်အမျိုးသားနေ့ကို ၁၉၄၇ ခုနှစ်မှစ၍ ကျင်းပလာခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် **(၇၉)ကြိမ်မြောက် မွန်အမျိုးသားနေ့** အဖြစ် ကျင်းပခဲ့သည်။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ၌ (၇၉)ကြိမ်မြောက်အခမ်းအနားကို ကျင်းပခဲ့ကြောင်း မှတ်တမ်းများတွင် ဖော်ပြထားသည်။

ထိုနေ့သည် အခမ်းအနားတစ်ရပ်ကျင်းပခြင်းထက် ပိုမိုနက်ရှိုင်းသောအဓိပ္ပာယ်ရှိသည်။ မွန်အမျိုးသားသီချင်းဖြင့် အလံလွှင့်တင်ခြင်း၊ အမျိုးသားခေါင်းဆောင်များအား အလေးပြုခြင်း၊ မွန်ရိုးရာအကနှင့် ယဉ်ကျေးမှုဖျော်ဖြေမှုများ၊ စာပေနှင့် ဘာသာစကားဆိုင်ရာ အစီအစဉ်များကို ထည့်သွင်းကျင်းပခြင်းတို့မှတစ်ဆင့် မွန်တို့၏ သမိုင်း၊ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းပေးနေသည်။ ထိုသို့ ကျင်းပခြင်းများတွင် မွန်ရိုးရာဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှ၊ တေးဂီတ၊ ရိုးရာအစားအစာ၊ လူမှုရေးအရ စုပေါင်းပါဝင်မှုနှင့် ဘာသာရေးဆိုင်ရာ အလှူအတန်းဓလေ့များကိုလည်း တန်ဖိုးထားထိန်းသိမ်းကြသည်။

ထို့ကြောင့် မွန်အမျိုးသားနေ့သည် အတိတ်ကို ပြန်လည်အမှတ်ရစေသည့်နေ့သာမက ဘာသာစကား၊ စာပေကိုအသုံးပြုခြင်း၊ ရိုးရာအနုပညာကို ဖော်ထုတ်ခြင်းနှင့် မိမိတို့၏ ဓလေ့ထုံးတမ်းများကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းခြင်းတို့ကို တစ်ပြိုင်နက်တည်း အားပေးသည့် ယဉ်ကျေးမှုနေ့တစ်နေ့လည်းဖြစ်သည်။

မွန်တို့၏ သဒ္ဒါတရားနှင့် အသက်ဝင်နေသော ဘာသာရေးအမွေအနှစ်

မွန်လူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်ကိုနားလည်ရန် စာပေနှင့် အတူ ဘာသာရေးနှင့် သဒ္ဒါတရားကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အထူးသဖြင့် ဗုဒ္ဓဘာသာအပေါ် ယုံကြည်သက်ဝင်မှုနှင့် သဒ္ဒါတရားကောင်းမွန်မှုသည် မွန်ဒေသ၏ လူမှုဘဝနှင့် ရိုးရာဓလေ့များတွင် ထင်ရှားစွာတွေ့မြင်ရသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ကျေးရွာများသို့ရောက်ရှိသည့်အခါ ထိုသဘောသဘာဝကို ပိုမိုထင်ရှားစွာ တွေ့မြင်နိုင်သည်။ ကျေးရွာတစ်ရွာသို့ ဝင်ရောက်လိုက်သည်နှင့် ဘုန်းတော်ကြီးကျောင်းများ၏ သပ်ရပ်ခမ်းနားမှု၊ ဆွမ်းလောင်းရံများ၏ အလှအပနှင့် အများပြည်သူစုပေါင်း၍ ဘာသာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေကြသည့် မြင်ကွင်းများသည် ဒေသ၏ ယဉ်ကျေးမှုနှင့် လူမှုစည်းလုံးညီညွတ်မှုကို အားကောင်းစွာ ဖော်ပြနေသည်။

ဆွမ်းလောင်းရံတစ်ရံသည် သဒ္ဒါတရား၊ အလှူဒါနစိတ်၊ ရပ်ရွာပူးပေါင်းပါဝင်မှုနှင့် သာသနာတော်အပေါ် ကြည်ညိုမြတ်နိုးမှုတို့ ပေါင်းစည်းနေသည့် လူမှုယဉ်ကျေးမှုတန်ဖိုး အမှတ်အသားတစ်ရပ် ဖြစ်သည်။ ထိုအလေ့အထများသည် မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းလာသည့်တန်ဖိုးများဖြစ်သောကြောင့် မွန်တို့၏ ဒေသအသိုင်းအဝိုင်းတွင် ဘာသာရေးနှင့် လူမှုဘဝတို့ အပြန်အလှန် ချိတ်ဆက်နေသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။

လူနေမှုဘဝထဲတွင် ရှင်သန်နေသော ယဉ်ကျေးမှုအမွေအနှစ်

မော်လမြိုင်၏အလှသည် ရှေးဟောင်းအဆောက်အအုံများတွင် သာရှိသည်မဟုတ်ပါ။ မြို့၏အစစ်အမှန်အလှသည် လူတို့၏ နေ့စဉ်ဘဝ၊ ဘာသာစကား၊ အစားအစာ၊ ရိုးရာဝတ်စားဆင်ယင်မှု၊ အကအလှ၊ တေးဂီတနှင့် ရိုးရာအစဉ်အလာများအတွင်း အသက်ဝင်နေသည်။

မွန်တိုင်းရင်းသားတို့သည် မိမိတို့၏ ဘာသာစကားနှင့် စာပေ၊ ရိုးရာဝတ်စားဆင်ယင်မှု၊ အကအလှ၊ တေးဂီတနှင့် ရိုးရာအစဉ်အလာများကို မျိုးဆက်အဆက်ဆက် ထိန်းသိမ်းလာကြသည်။ ယဉ်ကျေးမှုအမွေအနှစ်များကို လူငယ်များထံ လက်ဆင့်ကမ်းပေးခြင်းသည် ထိုအမွေအနှစ်များ ရှင်သန်ရေးအတွက် အရေးကြီးသည်။ မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများက မွန်ဘာသာစကားသင်ကြားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်နေခြင်းသည် ထိုအစဉ်အလာ၏ ဓလေ့မပိုစံတစ်ရပ်ပင်ဖြစ်သည်။

ထို့အပြင် မွန်ရိုးရာအစားအစာများ၏ အရသာ၊ ဒေသထွက်သီးနှံများ၊ ဈေးများနှင့် မြစ်ကမ်းစပ်ဂူဖူးမှ လူနေမှုဘဝတို့သည် မော်လမြိုင်၏ မြို့ပြယဉ်ကျေးမှုကို ပိုမိုပြည့်စုံစေသည်။ မြစ်ကမ်းစပ်လျှောက် ဈေးဆိုင်များ၊ အစားအစာဆိုင်များနှင့် ဒေသခံတို့၏ နေ့စဉ်လှုပ်ရှားမှုများသည် မြို့၏ယဉ်ကျေးမှုကို စာအုပ်ထဲတွင်သာမက လက်တွေ့ဘဝထဲတွင်ပါ မြင်တွေ့နိုင်စေသည်။

စာမျက်နှာ ၉ သို့ ◆

အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဩဒါတသိရီဘိဝံသ မဟာထေရ်၏ သက်တော်(၈၀)ပြည့်မွေးနေ့(ပတ္တမြားရတု)အထိမ်းအမှတ်ကုသိုလ်တော်ပွဲ အခမ်းအနားကျင်းပ

မန္တလေး နိုဝင်ဘာ ၁၉

ရွှေကျင်နိကာယဥပဥဇ္ဈာဋ္ဌ မဟာနာယက (တွဲဖက်ရွှေကျင်သာသနာပိုင်)၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဩဒါတ သိရိဘိဝံသမဟာထေရ်၏ သက်တော်(၈၀) ပြည့်မွေးနေ့ (ပတ္တမြားရတု) အထိမ်းအမှတ် ကုသိုလ်တော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် အဝေရာရာမရန်ကင်းကျောင်းတိုက်ရှိ မဟာအတုလဂုဏ်ရည် မန်းရွှေလီကျောင်းတော်ကြီး၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်သြဝါဒစရိယ၊ သီတဂူ ကမ္မဿဇုဒ္ဓ တက္ကသိုလ်များနှင့် သီတဂူ ဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော်ဒေါက်တာ ဘဒ္ဒန္တဉာဏိသရ အမှူးပြုသော နိုင်ငံတော်သြဝါဒစရိယဆရာတော်ကြီးများ၊ ရွှေကျင်နိကာယ ဥပဥဇ္ဈာဋ္ဌ မဟာနာယက၊ တွဲဖက် ရွှေကျင်သာသနာပိုင် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တပည့် သာဝက၊ ဒါယကာ၊ ဒါယိကာမများ၊ ဆွေတော်မျိုးတော်များ၊ အလှူရှင်များ၊ ဝတ်အသင်းများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ ဧည့်ပရိသတ် အပေါင်းက သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသရထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ဝိန္ဒာလင်္ကာရဆရာတော် ဘဒ္ဒန္တ ကောသလ္လတို့ထံမှ သြဝါဒကထာနှင့် အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သြဝါဒိတသိရိဘိဝံသ ထံမှသာရဏီယသြဝါဒကထာများကို နာယူကြည်ညိုကြသည်။

ယင်းနောက် အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသြဝါတသိရိဘိဝံသ မဟာထေရ်၏ သက်တော်(၈၀) ပြည့်မွေးနေ့ (ပတ္တမြားရတု) အထိမ်းအမှတ် ကုသိုလ်တော်ပွဲနှင့် ကျောင်းတိုက် သာသနာပြု (၂၅)နှစ်ပြည့် ငွေရတု အထိမ်းအမှတ် ကုသိုလ်ပွဲနှင့် စပ်လျဉ်း၍ သာသနာပြုဥပဇ္ဈာယ အဖွဲ့၏ လျှောက်ထားလွှာကို အဝေရာရာမ ကျောင်းတိုက် နာယက စာချသာသနဓဇမဟာ စရိယ၊ ဘီ-အေ အရှင်သက္ကာစာရက လျှောက်ထားသည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသရ အစုံအလင်ဖြင့် နိုင်ငံတော်သြဝါဒစရိယ ဆရာတော်ကြီးများ၊ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်၍ ပတ္တမြားရတု ကျင်းပပူဇော်ရေးအဖွဲ့မှ တာဝန်ရှိသူထံ နဝကမ္မအလှူတော်ငွေများကို လှူဒါန်းကြသည်။

ဆက်လက်၍ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသရထံမှ အနုမောဒနာ သြဝါဒကထာကို နာယူကြည်ညိုကာ ရေစက်သွန်းခြင်း အမျှအတမ်းပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ စာမျက်နှာ ၈ မှ

သံလွင်မြစ်မှ ကျိုက်သလ္လံအထိ မော်လမြိုင်၏သဘာဝအလှ

မော်လမြိုင်၏ အလှကိုပြောလျှင် သံလွင်မြစ်ကို ချန်ထား၍ မရနိုင်ပါ။ မြစ်ပြင်ကျယ်ကြီး၊ တောင်ကုန်းများနှင့် ရွှေရောင်စေတီများ ပေါင်းစပ်ထားသည့် မြို့၏ရှုခင်းသည် မော်လမြိုင်၏ ထူးခြားသော သဘာဝအမှတ်အသားတစ်ရပ်ဖြစ်သည်။

တောင်ရိုးတန်းပေါ်မှ ကျိုက်သလ္လံစေတီတော်သည် မော်လမြိုင်၏ အထင်ကရ အမှတ်အသားများအနက် အရေးကြီးဆုံးတစ်ခုဖြစ်သည်။ တောင်ကုန်းပေါ်မှ နေဝင်ချိန်ကို ကြည့်ရှုခြင်းသည် မော်လမြိုင်ခရီးစဉ်၏ မမေ့နိုင်သော အတွေ့အကြုံတစ်ခုဖြစ်သည်။ မြစ်ရေပြင်ပေါ်တွင် နေရောင်ခြည် ရောင်ပြန်ကျနေချိန်၊ မြို့ပေါ်ရှိ စေတီတော်များ၏ ရွှေရောင်အလင်းနှင့် ညနေခင်းလေပြည်တို့ ပေါင်းစပ်သွားသည့်အခါ မော်လမြိုင်၏ သဘာဝအလှသည် စကားလုံးများထက် ပိုမိုပြည့်စုံလာသည်။

မော်လမြိုင်အနီးရှိ ဘီလူးကျွန်းသည်လည်း သဘာဝနှင့် ဒေသခံလက်မှုပညာတို့ကို တစ်ပြိုင်တည်း တွေ့မြင်နိုင်သည့်နေရာတစ်ခု ဖြစ်သည်။ ထို့အပြင် ကျိုက္ခမီရေလယ်ဘုရား၊ စက်စကမ်းခြေ၊ ကျောက်တလုံးတောင်နှင့် ဝင်းစိန်တောရလျောင်းတော်မူဘုရားကြီး တို့သည် မွန်ပြည်နယ်၏သဘာဝနှင့် ယဉ်ကျေးမှုအလှကို ပိုမိုပြည့်စုံစေသည်။

ထိုသို့ သဘာဝအလှနှင့် ယဉ်ကျေးမှုအလှတို့ ပေါင်းစပ်နေခြင်းကြောင့် မော်လမြိုင်သည် သွားရောက်လည်ပတ်ရန်ကောင်းသော မြို့တစ်မြို့သာမက ဒေသ၏သဘာဝအလှနှင့် ယဉ်ကျေးမှုကို တမ်းတရန်ကောင်းသော မြို့တစ်မြို့လည်းဖြစ်သည်။

ပြန်ခဲ့သော်လည်း မပြန်နိုင်သော အမှတ်တရများ

မော်လမြိုင်က ပြန်ခဲ့သည်။

သို့သော် အမှန်တကယ်တွင် မော်လမြိုင်က မိမိတို့နှင့်အတူ လိုက်ပါလာခဲ့သည်ဟုဆိုရမည်။ ကျိုက်သလ္လံတောင်ကုန်းပေါ်မှ မြင်ခဲ့ရသည့် နေဝင်ချိန်၊ သံလွင်မြစ်ကမ်းမှ တိုက်ခတ်လာသည့် လေပြည်၊ ရေးဟောင်းလမ်းများနှင့် အဆောက်အအုံများ၏အငွေ့အသက်၊ မွန်ရိုးရာအစားအစာများ၏ အရသာ၊ မွန်စာပေနှင့် ယဉ်ကျေးမှု၏ အသံနှင့် ကျောင်းသားဘဝ၏အမှတ်တရများကို အိတ်ထဲတွင် ထည့်သယ်လာ၍မရသော်လည်း ရင်ထဲတွင်တော့ တိတ်တဆိတ် ကျန်ရစ်ခဲ့သည်။

အထူးသဖြင့် ကျောင်းသူတို့၏ ဖဲကြိုးအရောင်များသည် မော်လမြိုင်ကို ပြန်လည်သတိရစေသည့်အရောင်များ ဖြစ်နေဆဲပင်။ ဖဲကြိုးအရောင်တစ်ရောင်သည် ကျောင်းတစ်ကျောင်းကို ခွဲခြားသိမြင်စေခဲ့သော်လည်း အချိန်ကြာလာသည့်အခါ ထိုအရောင်သည် လူတစ်ဦး၏ ငယ်ဘဝကိုပြန်လည်အမှတ်ရစေသည့် မှတ်ဉာဏ်သော့တစ်ချောင်း ဖြစ်လာသည်။

ထို့အတူ မွန်စာပေပညာရှင်များ၏ သုတေသန အနုစာပေ လက်ရာများကလည်း မော်လမြိုင်နှင့် မွန်ဒေသ၏အတိတ်ကို ဖတ်ရှုနိုင်ရန် တံခါးဖွင့်ပေးနေသည်။ ရေးဟောင်းကျောက်စာများမှစ၍ ဒေါက်တာနိုင်ပန်းလှကဲ့သို့သော ပညာရှင်များ၏ သုတေသနလက်ရာများ၊ ယနေ့ခေတ် မွန်ဘာသာစကားသင်တန်းများနှင့် ယဉ်ကျေးမှုလှုပ်ရှားမှုများအထိ အစဉ်အလာတစ်ရပ်သည် မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ ဆက်လက်စီးဆင်းနေသည်။

မော်လမြိုင်သည် ထိုသို့သော အမှတ်တရများကို သိမ်းဆည်းထားသည့် မြို့တစ်မြို့ဖြစ်သည်။ သမိုင်းရှိသည်။ ပညာရေးအမွေအနှစ်ရှိသည်။ မွန်စာပေနှင့် ယဉ်ကျေးမှုရှိသည်။ သံလွင်မြစ်နှင့် ပင်လယ်၏ သဘာဝအလှရှိသည်။ ရှေးဟောင်းစေတီတော်များနှင့် ဗိသုကာလက်ရာများရှိသည်။ အရေးကြီးဆုံးမှာ ထိုအမွေအနှစ်အလုံးစုံကို ယနေ့ခေတ် လူနေမှုဘဝထဲတွင် ဆက်လက်ရှင်သန်နေစေသည့် လူများရှိနေခြင်းပင်ဖြစ်သည်။

မော်လမြိုင်မှ ပြန်လာသောအခါ လမ်းခရီးသည် နောက်တွင် ကျန်ခဲ့သော်လည်း မြို့၏အလှများက ရင်ထဲတွင် ဆက်လက် လျှောက်လှမ်းနေသည်။ သံလွင်မြစ်၏လေပြည်သည် အမှတ်တရကို သယ်ဆောင်လာသကဲ့သို့ မွန်စာပေက သမိုင်းကို ပြန်လည်ဖတ်ရှုစေပြီး စေတီတော်များနှင့် ဘုန်းတော်ကြီးကျောင်းများက ယုံကြည်သက်ဝင်မှုနှင့် သဒ္ဓါတရား၏အလှကို သတိပေးနေသည်။ ကျောင်းဝင်းထဲက သစ်ပင်တစ်ပင်၊ ဖဲကြိုးအရောင်တစ်ရောင်နှင့် စာသင်ခန်းဟောင်းတစ်ခန်း ကပင် မျိုးဆက်တစ်ဆက်၏ငယ်ဘဝကိုပြန်လည်ခေါ်ဆောင်လာနိုင်သည်။

အမှတ်(၉)ကျောင်းကဲ့သို့သော ပညာရေးအမွေအနှစ်များ၏ တန်ဖိုးသည် အုတ်မြစ်နှင့် အဆောက်အအုံများတွင်သာမက၊ ထိုနေရာတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ ပညာပေးခဲ့ကြသော ဆရာ ဆရာမများ၊ ပုံပိုးပေးခဲ့ကြသော မိဘများနှင့် ရပ်ရွာလူထုတို့၏ စေတနာနှင့် အိပ်မက်များတွင် ထိုတန်ဖိုးသည် ရှင်သန်နေသည်။ ယနေ့ခေတ်တွင်လည်း စာဖတ်ခြင်း၊ စာရေးခြင်း၊ ဖန်တီးခြင်းနှင့် ပညာရေးလှုပ်ရှားမှုများမှတစ်ဆင့် ထိုအစဉ်အလာသည် မျိုးဆက်သစ်များထံ ဆက်လက်လက်ဆင့်ကမ်းနေသည်။

ထိုနည်းတူ မွန်တို့၏ ဗုဒ္ဓဘာသာအပေါ် ကြည်ညိုသက်ဝင်မှု၊ ကျေးရွာတိုင်းနီးပါးတွင် တွေ့မြင်ရသော ဘုန်းတော်ကြီးကျောင်းများ၊ ဆွမ်းလောင်းရုံများနှင့် စုပေါင်းအလှူဒါနခေတ္တများသည် စာအုပ်ထဲတွင်သာ ဖတ်ရှုရသောသမိုင်းမဟုတ်ဘဲ ယနေ့ဘဝထဲတွင် ဆက်လက် အသက်ဝင်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ကြသည်။

ထို့ကြောင့် မော်လမြိုင်၏အမွေအနှစ်ကို ထိန်းသိမ်းခြင်းဆိုသည်မှာ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းခြင်းတစ်ခုတည်း မဟုတ်ပါ။ ဘာသာစကားကို ထိန်းသိမ်းခြင်း၊ စာပေကို ဆက်လက်ဖတ်ရှုခြင်း၊ ရိုးရာဓလေ့များကို တန်ဖိုးထားခြင်း၊ ဘာသာရေးနှင့် လူမှုအသိုက်အဝန်း၏ ကောင်းမွန်သော အစဉ်အလာများကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းခြင်းတို့လည်းဖြစ်သည်။ မွန်အမျိုးသားနေ့ကဲ့သို့သော အထိမ်းအမှတ်နေ့များသည် ထိုအမွေအနှစ်များကို တစ်နှစ်ပြီး တစ်နှစ် ပြန်လည်အသက်သွင်းပေးသည့် အခွင့်အလမ်းများလည်း ဖြစ်ကြသည်။

မော်လမြိုင်က ပြန်ခဲ့သည်။

သို့သော် သံလွင်မြစ်၏ လေပြည်၊ ရွှေရောင်စေတီတော်များ၏ အလင်းရောင်၊ မွန်စာပေ၏အမွေအနှစ်၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဆွမ်းလောင်းရုံများ၏သဒ္ဓါတရား၊ ကျောင်းသားဘဝ၏ ဖဲကြိုးအရောင်များနှင့် မျိုးဆက်အဆက်ဆက် ထိန်းသိမ်းလာခဲ့သောပညာရေးနှင့် ယဉ်ကျေးမှုအမှတ်တရများကတော့ ရင်ထဲမှ ပြန်မထွက်တော့ပါ။

မြို့တစ်မြို့ကို သွားရောက်လည်ပတ်ခြင်းသည် ခရီးတစ်ခုပင် ဖြစ်နိုင်သော်လည်း ထိုမြို့၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှုနှင့် လူတို့၏ စိတ်နှလုံးကို နားလည်လာသောအခါ ထိုခရီးသည် မိမိ၏ကိုယ်ပိုင် အမှတ်တရ တစ်စိတ်တစ်ပိုင်းဖြစ်လာသည်။ ထိုအခါ မော်လမြိုင်သည် သွားခဲ့သည့်နေရာတစ်ခုမဟုတ်တော့ဘဲ ရင်ထဲတွင် အမြဲတမ်း ပြန်လည်ရောက်ရှိနိုင်သည့် အိမ်တစ်အိမ်လိုဖြစ်လာသည်။

မော်လမြိုင်က ပြန်ခဲ့သည်။ သို့သော် မော်လမြိုင်၏ ဗုဒ္ဓဘာသာအပေါ် သဒ္ဓါတရားကြီးမားမှုများ၊ သဘာဝအလှများ၊ ယဉ်ကျေးမှုအဆင့်မြင့်မားလှသော ဆင်ယင်ထုံးဖွဲ့မှု စာပေဂီတ ရသအလှများကတော့ ရင်ထဲတွင် ဆက်လက်ထွန်းလင်းနေဆဲ ဖြစ်ပါတော့သည်။ ။

အမှန်တကယ်တွင် မော်လမြိုင်က မိမိတို့နှင့်အတူ လိုက်ပါလာခဲ့သည်ဟုဆိုရမည်။ ကျိုက်သလ္လံတောင်ကုန်းပေါ်မှ မြင်ခဲ့ရသည့် နေဝင်ချိန်၊ သံလွင်မြစ်ကမ်းမှ တိုက်ခတ်လာသည့်လေပြည်၊ ရှေးဟောင်းလမ်းများနှင့် အဆောက်အအုံများ၏ အငွေ့အသက်၊ မွန်ရိုးရာအစားအစာများ၏ အရသာ၊ မွန်စာပေနှင့် ယဉ်ကျေးမှု၏အသံနှင့် ကျောင်းသားဘဝ၏ အမှတ်တရများကို အိတ်ထဲတွင် ထည့်သယ်လာ၍မရသော်လည်း ရင်ထဲတွင်တော့ တိတ်တဆိတ် ကျန်ရစ်ခဲ့သည်။

အထူးသဖြင့် ကျောင်းသူတို့၏ ဖဲကြိုးအရောင်များသည် မော်လမြိုင်ကို ပြန်လည်သတိရစေသည့်အရောင်များဖြစ်နေဆဲ

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ ကျင်းပသည်။

ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



အမျိုးသမီးဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်း ကို (၃) ပွဲ (၂) ပွဲဖြင့်လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ် ဖြင့်လည်းကောင်း အနိုင်ရရှိ ဗိုလ်စွဲခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံးအမျိုးသမီး စပေးဘောဆုရရှိသော ကျော်နံပါတ်(၄) အားကစားရေးရာဝန်ကြီးဌာနမှ မယုနန္ဒာ၊ အကောင်းဆုံးအမျိုးသမီး ခုခံဆယ်ဆုရရှိသော ကျော်နံပါတ် (၆) ကာကွယ်ရေးဝန်ကြီးဌာနမှ မစံပယ်တင်၊ အကောင်းဆုံးအမျိုးသမီး ပင့်ထောင်ဆုရရှိသော ကျော်နံပါတ်(၁) ကာကွယ်ရေးဝန်ကြီးဌာနမှ မနန်းမွန်သာကလွိုင်၊ အကောင်းဆုံးအမျိုးသမီး ရိုက်ခုတ်ဆုရရှိသော ကျော်နံပါတ်(၁၇) ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ မသူဇာအောင်၊ အကောင်းဆုံး အမျိုးသမီးပိတ်ဆို့ဆုရရှိသော ကျော်နံပါတ် (၁၄) ပြည်ထဲရေးဝန်ကြီးဌာနမှ မနေဝေလေး၊ အကောင်းဆုံး အမျိုးသား စပေးဘောဆုရရှိသော ကျော်နံပါတ် (၁) ပြည်ထဲရေးဝန်ကြီးဌာနမှ မောင်နေလင်းအောင်၊ အကောင်းဆုံး အမျိုးသားခုခံဆယ်မဆုရရှိသော ကျော်နံပါတ်(၁၂) ကာကွယ်ရေးဝန်ကြီးဌာနမှ မောင်ခိုင်မင်း၊ အကောင်းဆုံးအမျိုးသားပင့်ထောင်ဆုရရှိသောကျော်နံပါတ်(၃၀) ကာကွယ်ရေးဝန်ကြီးဌာနမှ မောင်စံညွှန့်မောင်၊ အကောင်းဆုံးအမျိုးသား ရိုက်ခုတ်ဆုရရှိသော ကျော်နံပါတ်(၁၄) အားကစားရေးရာဝန်ကြီးဌာနမှ မောင်ကြယ်စင်ဖြိုး၊ အကောင်းဆုံးအမျိုးသား ပိတ်ဆို့ဆုရရှိသော ကျော်နံပါတ် (၉) အားကစားရေးရာဝန်ကြီးဌာနမှ မောင်ရဲလင်းအောင်တို့ကို ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရရှိသော ကျော်နံပါတ် (၁၁) ကာကွယ်ရေးဝန်ကြီးဌာနမှ မခင်ချိထက်နှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအမျိုးသားအားကစား သမားဆုရရှိသော ကျော်နံပါတ်(၈) ကာကွယ်ရေးဝန်ကြီးဌာနမှ မောင်ရှိန်းသူအောင်တို့အား ဆုဖလားနှင့် ငွေသားဆုတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းကလည်းကောင်း၊ စတုတ္ထဆုရရှိသော ပညာရေးဝန်ကြီးဌာန အမျိုးသမီးအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များ နှင့် အတူ ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း၊ တတိယဆုရရှိသော အားကစားရေးရာဝန်ကြီးဌာန အမျိုးသမီးအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသားအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့်အတူ ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်ကလည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသမီးအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာန အမျိုးသားအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့်အတူ ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသမီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမိုးဝင်းကလည်းကောင်း၊ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသားအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဗုန်းမြတ်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲအား အမျိုးသားဘော်လီဘောအသင်း(၁၉)သင်းနှင့် အမျိုးသမီးဘော်လီဘောအသင်း(၉)သင်း ဝင်ရောက်၍ နိုဝင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ယှဉ်ပြိုင်ကစားခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၃၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ရွှေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခုရရှိခဲ့ပြီး နိုင်ငံအလိုက်စတုတ္ထအဆင့်တွင် ရပ်တည်နိုင်ခဲ့



နေပြည်တော် နိုဝင်ဘာ ၁၉

မလေးရှားနိုင်ငံ မလက္ကာမြို့တွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် (၃၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (34th ASEAN Armies Rifle Meet-34th AARM)ကို ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့ညပိုင်းတွင် နေပြည်တော် လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်းဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမားစုစုပေါင်း ၅၅ ဦးတို့ ပါဝင်ခဲ့ကြပြီး ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတို အမျိုးသားအသင်းနှင့် ပစ္စတို အမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု၊ တစ်ဦးချင်းပစ်ခတ်စဉ် ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု စုစုပေါင်း ရွှေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ ရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၄) နေရာ ရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ReCAAP ISC ၏ Cluster Meeting (2026) အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ReCAAP ISC ၏ Cluster Meeting (2026) အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပရာ အစည်းအဝေးသို့ ReCAAP Information Sharing Center (ISC)မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် လေ့လာသူ နိုင်ငံများအဖြစ် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံမှ ကိုယ်စားလှယ်များ၊ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ရေကြောင်းအဖွဲ့အစည်း ၁၉ ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ဦးစွာ ReCAAP ISC ၏ မြန်မာနိုင်ငံဆိုင်ရာ Governor က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ReCAAP Information Sharing Center (ISC) ၏ အမှုဆောင် ဒါရိုက်တာ Vijay D Chafekar က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး တက်ရောက်လာသူကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် အစည်းအဝေးအား ဆက်လက်ကျင်းပရာ ဒေသတွင်းရေလက်ကြား ရေလမ်းကြောင်းများတွင် ပင်လယ်ဓားပြမှုနှင့် လက်နက်ကိုင် လုယက်မှုဖြစ်စဉ်များ ဖြစ်ပွားနေမှုနှင့် ပတ်သက်၍ နိုင်ငံအလိုက် ဆွေးနွေးတင်ပြကြပြီး ဒေသတွင်းလက်ရှိဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာအခြေအနေ၊ ကြုံတွေ့လာနိုင်သည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင် ပြင်ဆင်ထားရှိရမည့် အခြေအနေ၊ သတင်းအချက်အလက်များ ပိုမိုပူးပေါင်းမျှဝေရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ဆက်လက်၍ အဖွဲ့လိုက်ဆွေးနွေးချက်များအပေါ် ReCAAP Information Sharing Center (ISC) ၏ အမှုဆောင်ဒါရိုက်တာက ပြန်လည်သုံးသပ် ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့်ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ် အတွင်း ရန်ကုန်မြို့ရှိအထင်ကရ နေရာများသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြပြီး ယနေ့မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသမီးများ၏ ပညာရေး၊ ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ဆုံးဖြတ်ချက် ချနိုင်စွမ်းတို့ကို မြှင့်တင်ပေးခြင်းသည် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၉

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ကျရောက်သော ကမ္ဘာ့စွန့်ဦးတီထွင်သူများ ရက်သတ္တပတ်(၂၀၂၆) နှင့် နိုဝင်ဘာ ၁၉ ရက်တွင် ကျရောက်သော အမျိုးသမီးစွန့်ဦးတီထွင်သူများနေ့ (၂၀၂၆)တို့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(MWEA)က “စွန့်ဦးတီထွင်သူများ အောင်မြင်ရှင်သန်ရာနေရာ (သင့်ဖန်တီးမှုကို ကမ္ဘာကြီးက လိုအပ်နေသည်)” အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Lotte ဟိုတယ်၌ ကျင်းပသည်။



နိုင်ငံအသီးသီးတွင် စွန့်ဦးတီထွင်မှုဆိုင်ရာ ဆွေးနွေးပွဲများ၊ လေ့ကျင့်သင်ကြားမှုများ၊ စီးပွားရေး ချိတ်ဆက်မှုများနှင့် လုပ်ငန်းစတင်မှုဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိရာ ယခုအခမ်းအနားမှ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနှင့် ချိတ်ဆက်ပြီး မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်မှု ဂေဟစနစ် ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ပြီး အမျိုးသမီးစွန့်ဦးတီထွင်သူများနေ့သည် အမျိုးသမီးများကို စီးပွားရေးလုပ်ငန်းရှင်များ အပြင် တီထွင်ဖန်တီးသူများ၊ အလုပ်အကိုင်ဖန်တီးသူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် လူမှုစီးပွားပြောင်းလဲမှုကို ဦးဆောင်သူများအဖြစ် အသိအမှတ်ပြုမြှင့်တင်ပေးရန် ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ ပညာရေး၊ ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းတို့ကို မြှင့်တင်ပေးခြင်းသည် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များက အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး အထူးသဖြင့် အမျိုးသမီးများ ဦးဆောင်လုပ်ကိုင်နေသည့် အစားအသောက်ထုတ်လုပ်မှု၊ အထည်အလိပ်၊ လက်မှုထုတ်ကုန်၊ စိုက်ပျိုးရေးထွက်ကုန် တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများသည် ဒေသစီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါကြောင်း ပြောကြားသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့် အသင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသမီး စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖွံ့ဖြိုးရေးဗိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



အခွန်ဥပဒေများဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားကာ မြို့နယ်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉



အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်၍ လူငယ်ကဏ္ဍ အသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ဖြောင့်မတ်တည်ကြည်သည့် လူအဖွဲ့အစည်း ဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်း တို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edutainment)အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှ စတင်၍အသိပညာပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ပိုင်းက မွန်ပြည်နယ် ကျိုက်မရောမြို့ အထက(ခွဲ) (ကျိုက်မရော)တွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅၀ ကို ကော်မရှင်ရုံးခွဲရှိ လက်ထောက်ညွှန်ကြားရေးမှူးက ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေး အစီအစဉ်(ဆရာကိုင်)စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကို အခြေခံ၍ အသိပညာပေး ဆွေးနွေး ဆောင်ရွက်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့တို့နှင့် နီးစပ်ရာ မြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပခုက္ကူမြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား ပညာပေးမွမ်းမံသင်တန်းပြုလုပ်

ပခုက္ကူ နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အခွန်ဦးစီးဌာနမှ ခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ပညာပေးမွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၈ ရက်က ကျင်းပသည်။

သင်တန်းတွင် ပခုက္ကူမြို့နယ်အခွန်ဦးစီးဌာနမှူးက မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ၊ ရုံးခွန်အက်ဥပဒေ၊ ရုံးခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများ၊ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ လိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

တွံတေးမြို့နယ် မွေးမြူရေးဇုန်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ညှိနှိုင်းစည်းဝေး

တွံတေး နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တလုတ္တော်ကျေးရွာအုပ်စုရှိ တွံတေးမွေးမြူရေးဇုန် လုပ်ငန်းများဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၈ ရက်က အဆိုပါ တွံတေးမွေးမြူရေးဇုန်ရှိ ရှင်းလင်းဆောင်၌ ကျင်းပသည်။

ဦးစွာ တွံတေးခရိုင်မွေးမြူရေးဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ တွံတေးမွေးမြူရေးဇုန် ကော်မတီဥက္ကဋ္ဌက မွေးမြူရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တွံတေးမွေးမြူရေးဇုန် ကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြပြီး တွံတေးခရိုင်မွေးမြူရေးဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)





မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၈ ရက်က သပြေဝကျေးရွာ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။

ထွန်းထွန်း(သာစည်)

ရေချိုစိမ့်စမ်း မခန်းစေဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်
ကမ္ဘာ့ကလေးများနေ့ကို ဂုဏ်ပြုကြိုဆိုသည့် သတင်းထုတ်ပြန်ချက် (၁၂/၂၀၂၆)

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကလေးများနေ့သည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Rights of the Child – CRC) ကို အတည်ပြုခဲ့သည့် (၃၇) နှစ်မြောက် အထိမ်းအမှတ်နေ့ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ကလေးတိုင်း၏ အခွင့်အရေးများကို အသိအမှတ်ပြုလေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းပေးရန် နိုင်ငံတကာအသိုက်အဝန်းအား ပြန်လည်သတိပေးသည့် နေ့တစ်နေ့လည်းဖြစ်ပါသည်။

၂။ ယခုနှစ် ကမ္ဘာ့ကလေးများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"My Day, My Rights, My Future"** သည်ကလေးများ၏နေ့စဉ်ဘဝ၊ ၎င်းတို့ရရှိခံစားခွင့်ရှိသည့် အခွင့်အရေးများနှင့် အနာဂတ် မျှော်မှန်းချက်များအကြား ဆက်စပ်မှုကို ထင်ဟပ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ကလေးများသည် အနာဂတ်၏ ခေါင်းဆောင်များသာမက ယနေ့လူ့အဖွဲ့အစည်း၏ အရေးပါသူများလည်းဖြစ်ကြသဖြင့် ကလေးများ၏ အသံ၊ အမြင်နှင့် ဆန္ဒများကို နားထောင်ပေးရန်နှင့် ၎င်းတို့၏ ဘဝနှင့် အနာဂတ်ကို သက်ရောက်မှုရှိစေမည့် ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်ပေးရန် အရေးကြီးပါသည်။

၃။ ကမ္ဘာတစ်ဝန်းရှိ ကလေးများစွာသည် ဆင်းရဲနွမ်းပါးမှု၊ အာဟာရချို့တဲ့မှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီမှု၊ အကြမ်းဖက်ခံရမှု၊ ခေါင်းပုံဖြတ်ခံရမှု၊ လူကုန်ကူး ခံရမှု၊ ကလေးအလုပ်သမားခိုင်းစေမှုနှင့် လျစ်လျူရှုခံရမှု စသည့်အခြေအနေများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည့်အပြင် ဒစ်ဂျစ်တယ်နည်းပညာများကို တလွဲအသုံးချမှုများကြောင့် ကလေးများသည် အွန်လိုင်းမှတစ်ဆင့် အနိုင်ကျင့်ခံရခြင်း၊ လိမ်လည်လှည့်ဖြားခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရခြင်း စသည့် အန္တရာယ်များနှင့်လည်း ရင်ဆိုင်နေကြရပါသည်။

၄။ သို့ဖြစ်ရာ ကလေးများအပေါ် အခွင့်အရေးချိုးဖောက်မှုများမှ ကြိုတင်ကာကွယ်ရန်၊ ထိခိုက်လွယ်သောအခြေအနေတွင်ရှိသည့် ကလေးများ၏ လိုအပ်ချက်များကို အလေးထား ဖြည့်ဆည်းပေးရန်နှင့် ထိခိုက်နစ်နာသည့် ကလေးများအတွက် သင့်လျော်သော ကာကွယ်စောင့်ရှောက်မှုနှင့် ကုစားဖြေရှင်းမှုများရရှိစေရန် သက်ဆိုင်သူအားလုံးက ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

၅။ မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ကလေးများ၏ အခွင့်အရေးများကို လေးစားကာကွယ် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း ကော်မရှင်ဥပဒေနှင့်အညီ လူ့အခွင့်အရေး ဖြစ်တင်ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်လျက်ရှိရာတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို လေးစားကာကွယ်လိုက်နာစေရေးတိုက်တွန်းအကြံပြုခြင်းတို့ကိုလည်း ဆောင်ရွက်လျက် ရှိပါသည်။

၆။ နိုင်ငံ၏အနာဂတ်မျိုးဆက်သစ်များဖြစ်သော ကလေးတိုင်း၏ အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် အကောင်းဆုံးအကျိုးစီးပွားကို အလေးထားလျက် လုံခြုံမှုရှိပြီး ခွဲခြားဆက်ဆံမှုကင်းသော ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးနိုင်ရေးအတွက် မိဘ၊ အုပ်ထိန်းသူ၊ သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ပိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြပါရန် ကမ္ဘာ့ကလေးများနေ့ကို ဂုဏ်ပြုလျက် ကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်



မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စုအတွင်း ငါးမွေးမြူရေးကန်များ တိုးချဲ့ဖော်ထုတ်မွေးမြူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

မြစ်ကြီးနား နိုဝင်ဘာ ၁၉

မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စု ငွေပျော်စပြကျေးရွာအနီးရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများပေါ်တွင် မွေးမြူရေးဇုန်နေရာတစ်ခုအဖြစ် အကောင်အထည်ဖော်နိုင်ရေး မွေးမြူရေးလုပ်ကိုင်လိုသူများအား မြေယာဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ နွား၊ ဝက်နှင့် ကြက်မွေး မြူရေးလုပ်ငန်းများအတွက် မြေနေရာများ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပိုင်ရှင်ဦးသိန်းဟန်၏ကြက်ခြံများ၌ အသားတိုးကြက်ကောင်ရေ ၁၀၀၀၀ ကျော် မွေးမြူထားရှိမှု၊ အဆိုပါကြက်မွေးမြူရေး ခြံဧရိယာအတွင်း ကြက်ခြံ သုံးခြံထပ်မံတည်ဆောက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ မကြာမီဒေသတွင်း၌သာ ကြက်ဥဖောက်စက်ရုံနှင့် တိရစ္ဆာန်အစာစက်ရုံ တည်ဆောက်ပြီးစီးတော့မည်ဖြစ်သည့် အတွက် ကြက်သားပေါက်ရှိရေး စိုးရိမ်စရာမလိုတော့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပလနကျေးရွာ၊ ရွှက်လှမြို့ကျေးရွာအတွင်း ငါးကန်များအား စနစ်တကျ ပြန်လည်တူးဖော်ခြင်း၊ ရေသွင်းမြောင်းများ ဖောက်လုပ်ခြင်းနှင့် ငါးမွေးကန်ဧရိယာအတွင်း မြေယာရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အဆိုပါကျေးရွာအတွင်း ငါးမွေးကန် ၁၂ ကန် တူးဖော်၍ ငါး၊ ပုစွန်နှင့် ငါးရှဉ့်များ စိုက်ထည့်မွေးမြူနိုင်ရေး ငါးကန်များ တူးဖော်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ကဏ္ဍအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခနန်းမ၌ ပြည်နယ်အတွင်း စားရေရိက္ခာပူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသ၏ လူဦးရေနှင့်တွက်ချက်၍ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်သည့် စီမံချက်တစ်ခု ရေးဆွဲနိုင်ရေး၊ ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို တိုးတက်ထွန်းကားလာစေရေး စဉ်ဆက်မပြတ် လေ့လာဆန်းစစ်၍ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ပြည်နယ်အတွင်း ဆန်စပါးအပါအဝင် ဆီထွက်သီးနှံနှင့် အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ ဆန်စက်၊ ဆီစက်များ အသစ်တည်ဆောက်အဆင့်မြှင့်တင်နေမှု အခြေအနေများနှင့် ခရိုင်အလိုက် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းပေါင်းစပ်၍ ဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရှမ်းပြည်နယ်အတွင်း ဆီဖူလုံမှုတိုးတက်လာစေရေးအတွက် စိုက်ကေ ၄၅၃၅၄၉ ဧကတွင် ၁၆၁၃၈ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်အတွင်း စားသုံးဆီဖူလုံမှုတိုးတက်စေရေးအတွက် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ဆီထွက်သီးနှံ ၄၅၃၅၄၉ ဧက စိုက်ပျိုးထားရာ ၁၆၁၃၈ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ရှမ်းပြည်နယ် ဆီစားသုံးမှုဖူလုံဖို့အတွက် ၂၀၂၅-၂၀၂၆ ခုနှစ် ရှမ်းပြည်နယ် တောင်ပိုင်းမှာ ၁၀၇ ဒသမ ၃၉ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ၅၃ ဒသမ ၁၅ ရာခိုင်နှုန်းနဲ့ ရှမ်းပြည် နယ်အရှေ့ပိုင်းမှာ ၃၇ ဒသမ ၂၀ ရာခိုင်နှုန်းထွက်ရှိပါတယ်။ ရှမ်းပြည်နယ် တစ်ခုလုံး ခြံပြီး ကြည့်မယ်ဆိုရင် ဆီဖူလုံမှုရာခိုင်နှုန်း ၇၁ ဒသမ ၅၇ ရာခိုင်နှုန်းပဲ ရှိသေးတဲ့အတွက် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆီဖူလုံမှု တိုးတက်ရေးကို ဆောင်ရွက်ရာမှာ ရည်မှန်းချက်အနေနဲ့ ၂၀၂၆-၂၀၂၇ ခုနှစ် ရှမ်း(တောင်)မှာ ၁၀၇ ဒသမ ၆၁ ရာခိုင်နှုန်း၊ ရှမ်း(မြောက်)မှာ ၅၈ ဒသမ ၆၃ ရာခိုင်နှုန်း၊ ရှမ်း(အရှေ့)မှာဆိုရင် ၃၇ ဒသမ ၇၆ ရာခိုင်နှုန်းနဲ့၊ ပြည်နယ်အတွက် ၇၄ ဒသမ ၃၁ ရာခိုင်နှုန်း တိုးတက်လုပ်နိုင်အောင်ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးငြိမ်းထွန်းက ပြောသည်။

ရှမ်း(တောင်)၊ ရှမ်း(မြောက်)နှင့် ရှမ်း(အရှေ့)တို့တွင် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန့်ညင်းစေ့၊ ပန်းနှမ်းနှင့် ဆီမုန်လာတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး အဆိုပါ ဆီထွက်သီးနှံခြောက်မျိုးတွင် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလကုန်ပိုင်းအထိ မြေပဲ ၁၀၅၂၅၂ ဧက၊ နှမ်းဧက ၃၁၀၆၀ နှင့် နေကြာဧက ၁၃၅၄၀ စုစုပေါင်း ၁၅၀၅၅၂ ဧက စိုက်ပျိုးခဲ့ပြီး ၁၀၉၄၈၄ ဧက ရိတ်သိမ်းခဲ့သည်။

စားသုံးဆီဖူလုံမှုတိုးတက်လာစေရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် တောင်ကြီး၊ ညောင်ရွှေနှင့် ပင်းတယမြို့နယ်တို့၌ ဆီထွက်သီးနှံအထူးဇုန်များ သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မြေပဲနှင့်နေကြာသီးနှံ ၂၂၄၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကာ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ဆီထွက်သီးနှံအထူးဇုန်များကို တောင်ကြီး၊ ညောင်ရွှေ၊ ပင်းတယ၊ လင်းဆေးနှင့် မိုင်းတုံမြို့နယ်တို့၌ မြေပဲ၊ နှမ်း၊ နေကြာ ၂၄၅၇၉ ဧက စိုက်ပျိုးထုတ်လုပ်ရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။

ဆီထွက်သီးနှံ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရှမ်း(တောင်)နှင့်ရှမ်း(အရှေ့)၌ ပြည်နယ်ဌေးလုံးဌေးရင်းရန်ပုံငွေမှ မျိုးစေ့ထုတ်ဇကေများအတွက် စပါး၊ နေကြာ၊ မြေပဲနှင့်ပဲပုပ် မျိုးထုတ်လုပ်နိုင်ရန် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် တစ်ဧကလျှင် ယူရီးယား ဓာတ်မြေဩ တစ်အိတ်၊ ကွန်ပေါင်း ဓာတ်မြေဩ တစ်အိတ်နှင့် သဘာဝဓာတ်မြေဩ လေးအိတ် နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)၊ ဓာတ်ပုံ - ပြည်နယ်စိုက်ပျိုးရေး



အမေရိကန် - ရုရှား - တရုတ် သုံးနိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပ

ရှန်ကျန်း နိုဝင်ဘာ ၁၉

တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ် - ရုရှား - အမေရိကန် ထိပ်သီးအစည်းအဝေးသည် အပြုသဘောဆောင်ပြီး အကျိုးဖြစ်ထွန်းမှုများ ရရှိခဲ့ကြောင်း ယနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံ တောင်ပိုင်းကွမ်တုန်းပြည်နယ် ရှန်ကျန်းမြို့၌ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ အမေရိကန်သမ္မတ ဒေါနယ်ထရမ့်တို့နှင့် ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် ရရှိခဲ့သော အဓိက သဘောတူညီချက်များကို ပြန်လည် ခြုံငုံပြောကြားစဉ် ရှီကျင့်ဖျင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံသုံးနိုင်ငံစလုံးသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ တူညီသော အမြင်ရှိကြပြီး ခက်ခဲစွာ ရယူထားရသည့် ငြိမ်းချမ်းရေးကို တန်ဖိုးထားထိန်းသိမ်းရမည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။



နိုင်ငံကြီးများအနေဖြင့် နိုင်ငံတိုင်း၏ တရားဝင် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို အလေးအနက် ထားသင့်ကြောင်းနှင့် ကွဲပြားမှုများကို ဖြေရှင်းရာတွင် ဆွေးနွေးညှိနှိုင်းခြင်းသည် မှန်ကန်သော ရွေးချယ်မှုဖြစ်ကြောင်း ၎င်းတို့အားလုံးက သဘောတူညီခဲ့ကြသည်ဟု ရှီက ပြောကြားခဲ့သည်။ ဆွေးနွေးမှုများ မရပ်တန့်သရွေ့ တံခါးများ မပိတ်သွားသရွေ့ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရှိနေကြောင်းလည်း ရှီက ပြောကြားခဲ့သည်။ စိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ် လိုအပ်ကြောင်းကိုလည်း ၎င်းတို့က သဘောတူညီခဲ့ကြောင်း ရှီက ပြောကြားခဲ့သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အထောက်အကူပြုနိုင်ရန် ရုရှားနိုင်ငံသည် တရုတ်နှင့် အမေရိကန်နိုင်ငံများနှင့် အတူ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

ဒုတိယ ကမ္ဘာစစ်အတွင်း အောင်ပွဲရရှိခဲ့ခြင်းက သုံးနိုင်ငံကို အတူတကွပေါင်းစည်းစေခဲ့ကြောင်း ပူတင်က ပြောကြားသည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် မူဝါဒများကို ကာကွယ် စောင့်ရှောက်ခြင်း၊ နိုင်ငံတကာ ငြိမ်းချမ်းရေးကို ထိန်းသိမ်းခြင်းတို့သည် သုံးနိုင်ငံ၏ တူညီသောတာဝန်များဖြစ်ပြီး ပဋိပက္ခဖြစ်ပွားနေသည့် အရေးကြီးဒေသများရှိ ပြဿနာများကို သင့်လျော်စွာ ဖြေရှင်းခြင်းသည်လည်း သုံးနိုင်ငံ၏ ဘုံလုပ်ငန်းစဉ်များဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့ပြင် လွတ်လပ်ပွင့်လင်းသော နိုင်ငံတကာ ကုန်သွယ်ရေးကို မြှင့်တင်ရန်၊ စွမ်းအင်နှင့် စားနပ်ရိက္ခာလုံခြုံရေးကို ကာကွယ်ရန်နှင့် ဥာဏ်ရည်တု နည်းပညာဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် တရုတ်၊ အမေရိကန်တို့နှင့်အတူ လက်တွဲဆောင်ရွက်ရန် ရုရှားနိုင်ငံက အသင့်ရှိကြောင်း ပူတင်က ပြောကြားသည်။

အလားတူ အဆိုပါ ထိပ်သီးအစည်းအဝေးသည် ကမ္ဘာ့အာရုံစိုက်မှုကို ဖမ်းစားထားနိုင်သည့် အလွန်အရေးပါသော သမိုင်းဝင်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်းနှင့် နိုင်ငံသုံးနိုင်ငံအနေဖြင့် နျူကလီးယားလက်နက် ပြန့်ပွားမှုကို ပူးပေါင်းတားဆီးကာ နျူကလီးယားလက်နက်များကြောင့် လူသားမျိုးနွယ်အပေါ် ကျရောက်လာနိုင်သည့် ဆိုးရွားပြင်းထန်သော အကျိုးဆက်များကို ရှောင်ရှားသင့်ကြောင်း သမ္မတ ထရမ့်က ထပ်လောင်းပြောကြားသည်။

ဆင်ဟွာ၊ အင်နှအိတ်ချ်ကေ

တရုတ်နိုင်ငံမှထုတ်လုပ်သည့် လျှပ်စစ်လေယာဉ် လူလိုက်ပါမောင်းနှင်ပျံသန်းမှုဆောင်ရွက်

ပေကျင်း နိုဝင်ဘာ ၁၉

တရုတ်နိုင်ငံမှထုတ်လုပ်သည့် အလေးချိန်တန်ချိန် ၁၀ တန်ရှိ လျှပ်စစ်လေယာဉ် CE-25A သည် ၎င်း၏ လူလိုက်ပါမောင်းနှင်သည့် ပထမဆုံးပျံသန်းမှုကို နိုဝင်ဘာ ၁၄ ရက်က အောင်မြင်စွာဆောင်ရွက်ခဲ့ကြောင်း တရုတ်စီးပွားဖြစ်လေယာဉ်ကော်ပိုရေးရှင်းကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရသည်။



တရုတ်နိုင်ငံအရှေ့ပိုင်း ဆန်းတုန်းပြည်နယ် ပင်းကျိုးမြို့၌ ပြုလုပ်ခဲ့သော အဆိုပါပျံသန်းမှုအတွင်း လေယာဉ်ပေါ်၌ လေယာဉ်မှူး နှစ်ဦးနှင့် ပျံသန်းရေးအင်ဂျင်နီယာ တစ်ဦးတို့ လိုက်ပါခဲ့သည်။ လေယာဉ်သည် ပုံမှန်အတိုင်း လည်ပတ်ပျံသန်းနိုင်ခဲ့ပြီး စွမ်းဆောင်ရည်ဆိုင်ရာ အညွှန်းကိန်းများအားလုံးမှာလည်း မျှော်မှန်းထားသည့်အတိုင်း ပြည့်မီခဲ့ကြောင်း အဆိုပါကော်ပိုရေးရှင်းက ထုတ်ပြန်သည်။

CE-25A သည် အဆိုပါကော်ပိုရေးရှင်း၏ ပထမဆုံး လျှပ်စစ်လေယာဉ်ဖြစ်သည်။ မြို့ကြီးများအကြား စီးပွားဖြစ်ပျံသန်းမှုများအတွက် အဓိကထား ဒီဇိုင်းထုတ်ထားသည့် အဆိုပါ လေယာဉ်သည် ခရီးသည် ၁၉ ဦးအထိ တင်ဆောင်နိုင်သည်။ ၎င်းသည် တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ နှုန်းဖြင့် ပျံသန်းနိုင်ပြီး ပျံသန်းနိုင်သည့်အမြင့်မှာ မီတာ ၂၄၀၀ ဖြစ်ကာ ခရီးအကွာအဝေး ၄၀၀ ကီလိုမီတာအထိ ပျံသန်းနိုင်စွမ်းရှိသည်။

အဆိုပါလေယာဉ်သည် ယခုနှစ် ဖေဖော်ဝါရီ ၂ ရက်က လူမဲ့ အလို အလျောက် ပထမဆုံးပျံသန်းမှုကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



ဂျပန်နိုင်ငံ လိုတိုကျွန်းအနီး မီးတောင်ပေါက်ကွဲမှုကြောင့် မြေသားသစ်တစ်ခု ပေါ်ထွက်လာ

တိုကျို နိုဝင်ဘာ ၁၉

ဂျပန်နိုင်ငံ အိုဂါဆာဝါရာကျွန်းစုရှိ ပစိဖိတ်သမုဒ္ဒရာအတွင်းမှ လိုတိုကျွန်းအနီးတွင် မီးတောင်ပေါက်ကွဲမှုကြောင့် မြေသားသစ်တစ်ခု ပေါ်ထွက်လာခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

အဆိုပါကျွန်းအနီးတွင် နောက်ဆုံးအကြိမ် မီးတောင်ပေါက်ကွဲမှုကို တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ကမ်းခြေစောင့်တပ်ဖွဲ့သည် လေယာဉ်ဖြင့် လေ့လာစောင့်ကြည့်ခဲ့သည်။

တာဝန်ရှိသူများ၏ ပြောကြားချက်အရ ကျွန်း၏တောင်ပိုင်းရှိ အိုကီနာဟာမောကမ်းခြေမှ မီတာ ဂုဝ၀ ခန့်အကွာတွင် မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားနေပြီး မီးခိုးများသည် အမြင့်မီတာ ၃၀၀ ခန့်အထိ မြင့်တက်နေကြောင်း သိရသည်။ ထို့ပြင် အချိန်အပိုင်းအခြားအလိုက် ပေါက်ကွဲမှုငယ်များလည်း ဖြစ်ပွားနေကြောင်း ၎င်းတို့က ဖြည့်စွက်ပြောကြားသည်။

မီးတောင်ပေါက်ကွဲစဉ် ထွက်ပေါ်လာသည့် ကျောက်စများနှင့် အခြားပစ္စည်းများ စုပုံလာခြင်းကြောင့် မြေသားသစ်တစ်ခု ဖြစ်ပေါ်လာခဲ့ပြီး ယင်းမြေသားသစ်သည် မူလကျွန်းနှင့် ဆက်စပ်နေကြောင်းလည်း တာဝန်ရှိသူများက အတည်ပြုခဲ့သည်။

အိုကီနာဟာမောကမ်းခြေအနီးတွင် ၂၀၂၂ ခုနှစ်မှစ၍ အချိန်အခါအလိုက် မီးတောင်ပေါက်ကွဲမှုများ ဖြစ်ပွားနေသည်ကို တွေ့ရှိခဲ့ရကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။ ၂၀၂၃ ခုနှစ်ကလည်း မီးတောင်ပေါက်ကွဲမှုကြောင့် မြေသားသစ်တစ်ခု ပေါ်ထွက်ခဲ့သော်လည်း နောက်ပိုင်းတွင် လှိုင်းလုံးများတိုက်စားမှုနှင့် အခြားအကြောင်းအရင်းများကြောင့် ပျောက်ကွယ်သွားခဲ့ကြောင်း သိရသည်။

နောက်ဆုံးအကြိမ် လေ့လာစောင့်ကြည့်မှုတွင် ပါဝင်ခဲ့သည့် တိုကျို သိပ္ပံအင်စတီကျူမှ ပါမောက္ခ နိုဂါမိကန်ဂိုက မီးခိုးရောင်မီးခိုးများမြင့်တက်နေခြင်းသည် မီးတောင်လှုပ်ရှားမှု အလွန်ပြင်းထန်နေကြောင်း ဖော်ပြနေသည်ဟု ပြောကြားသည်။ ထို့ပြင် ချော်ရည်များစီးထွက်လာပါက ယခု အသစ်ပေါ်ထွက်လာသည့် မြေသားသစ်သည် ဆက်လက်တည်ရှိနေနိုင်ကြောင်း ၎င်းက သုံးသပ်ပြောဆိုသည်။

မီးတောင်လှုပ်ရှားမှုများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် ကမ်းခြေစောင့်တပ်ဖွဲ့က ရေကြောင်းသွားလာမှုဆိုင်ရာ သတိပေးချက် ထုတ်ပြန်ထားပြီး အနီးတစ်ပိုက်မှ ဖြတ်သန်းသွားလာမည့် သင်္ဘောများ အနေဖြင့် အထူးသတိထားကြရန် တိုက်တွန်းထားကြောင်း သိရသည်။

အင်နှအိတ်ချ်ကေ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	မူဆယ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၀၁၅	၃၀၅၀	၃၀၂၀	၃၀၀၀	၃၀၅၅	၃၀၅၅	၄၀၂၀	၃၀၀၀	၄၂၂၀	၄၃၀၀	၃၀၂၂၀	၄၀၀၀	၃၀၀၀	၃၀၅၀	၃၀၅၀	၄၂၃၀
95 Ron	၃၀၀၀	၄၀၃၅	၃၀၅၅	၃၀၀၀	၄၀၁၅	၄၀၁၅	၃၀၅၀	၃၀၅၅	၄၃၀၅	၄၃၀၅	၃၀၀၀	၄၀၀၀	၄၀၁၅	၄၀၁၅	၄၀၁၅	၄၂၂၀
HSD (500 ppm)	၄၁၁၅	၄၃၀၀	၄၂၂၅	၄၁၅၀	၄၃၀၅	၄၃၂၀	၄၃၅၀	-	၄၆၀၅	၄၂၂၅	၄၄၀၅	၄၃၀၀	၄၃၀၀	၄၃၀၀	၄၃၀၀	၄၅၅၀
HSD (50 ppm)	၅၀၄၀	၅၀၆၅	၅၀၄၅	၅၀၅၅	၅၂၀၀	၅၂၀၅	၅၂၀၅	၅၁၂၅	၅၂၆၅	၅၀၄၅	၅၀၆၅	၅၀၄၀	၅၀၆၀	၅၂၀၅	၅၀၄၅	၅၀၄၅
HSD (10 ppm)	၅၀၄၀	၅၀၆၅	၅၀၄၅	၅၀၅၅	၅၂၀၀	၅၂၀၅	၅၂၀၅	၅၁၂၅		၅၀၆၅	၅၀၄၅	၅၀၄၀	၅၀၆၀	၅၂၀၅	၅၀၄၅	၅၀၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၀၆၁၃	၃၀၇၁၉
95 Ron	၃၀၆၇၀	၃၀၇၀၅
HSD (500 ppm)	၃၀၉၅၅	၃၀၆၆၃
HSD (50 ppm)	၃၀၀၁၁	၃၀၉၂၇
HSD (10 ppm)	၃၀၀၁၁	၃၀၉၂၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၊ ဃယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝဖြဂ- ၄၁၁၃၇၃၊ ဝ၉-၂၅၄၆၂၅၄၇၇

ဝဖြဂ- ၄၁၁၂၈၂၊ ဝ၉-၆၈၀၅၅၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

တပ်မတော်စစ်ကြောင်းများက မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး နယ်စပ်ဒေသတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ယာယီအခြေပြုစခန်းများအား ထပ်မံ၍တိုက်ခိုက်သိမ်းပိုက်၊ CRPH၊ NUG အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနအပါအဝင် စုစုပေါင်းစခန်း ၂၈ ခု တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၉

မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၏ နယ်စပ်ဖြစ်သော ကျိုက်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်းခိုအောင်း၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု ခိုအောင်းနေထိုင်ရာ နေရာများအား တပ်မတော် စစ်ကြောင်းများက စနစ်တကျ ချီတက်တိုက်ခိုက်ချေမှုန်းလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ ပွိုင့် ၄၈၀ တောင်ကုန်းအနီး ထီးကလာချောင်း ဝန်းကျင်တစ်ဝိုက်ရှိ CRPH၊ NUG အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာန အပါအဝင် အကြမ်းဖက် သောင်းကျန်းသူများ၏ ယာယီအခြေပြုစခန်း ၁၁ ခုကို တိုက်ခိုက်သိမ်းပိုက်ပြီး လက်နက်/ခဲယမ်း အများအပြားကို သိမ်းဆည်းရရှိခဲ့သည့် သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သိမ်းပိုက်ရရှိ

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများအတွင်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခိုအောင်းနေထိုင်နိုင်မှုမရှိစေရေး အတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ စနစ်တကျဆောင်ရွက်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၉ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက်ထီးကလာချောင်းအနီး အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့်စခန်း ၂ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၁၀ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက်ကော့ထီးချောင်းအနီး KNLA တပ်မဟာ(၁)၊ ရင်း(၃) အပါအဝင် အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၂ ခု အား လည်းကောင်း၊ နိုဝင်ဘာလ ၁၂ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက်ကော့ကလော ချောင်းအနီးတွင် အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့်စခန်း ၂ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၁၃ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော့ထီးချောင်းအနီးတွင် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၂ ခု အား လည်းကောင်း၊ နိုဝင်ဘာလ ၁၅ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်ရှိ နတ်စင်ရွာနှင့် ကျောက်ဖျာရွာအနီးတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၃ ခု အား လည်းကောင်း၊ နိုဝင်ဘာလ ၁၆ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်ရှိ နတ်စင်ရွာနှင့် ကျောက်ဖျာရွာအနီးတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၃ ခု အား လည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့တောင်ဘက်ရှိ ကန်ကြီးရွာအနီးတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၂ ခု အား လည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့တောင်ဘက် ချောင်းစောက်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခိုအောင်း ဆေးကုသနေသည့် နေရာ ၁ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၁၈ ရက်တွင် အကြမ်းဖက် သောင်းကျန်းသူများက အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ရန် လက်နက်အားကိုးဖြင့် အတင်းအဓမ္မ ဝင်ရောက်၍ စစ်စခန်းအဖြစ် အသုံးပြုကာ အဓိကအခြေပြုနေသည့် ချောင်းစောက်ရွာအား လည်းကောင်း အသီးသီး သိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ဦးတည်ရာမဲ့ဖရိဖရဲဆုတ်ခွာ ထွက်ပြေးရာ နေ့ာက်သို့ အောင်မြေခဲ့ထက်ကြပ် လိုက်လံချေမှုန်း တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၁၉ ရက်၊ ယနေ့တွင် ချောင်းစောက်ရွာအနီး ဝန်းကျင် တစ်ဝိုက်၌ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၃ ခု အား လည်းကောင်း၊ နိုဝင်ဘာလ ၂၁ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော့ကတ်ရွာအနီးတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၃ ခု အား လည်းကောင်း၊ နိုဝင်ဘာလ ၂၂ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက်ကော့ကလော ချောင်းအနီးတွင် အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၂ ခု အား လည်းကောင်း၊ နိုဝင်ဘာလ ၂၃ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော့ထီးချောင်းအနီးတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၂ ခု အား လည်းကောင်း၊ နိုဝင်ဘာလ ၂၄ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော့ကတ်ရွာအနီးတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၂ ခု အား လည်းကောင်း၊ နိုဝင်ဘာလ ၂၅ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ချောင်းစောက်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခိုအောင်း ဆေးကုသနေသည့် နေရာ ၁ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၂၆ ရက်တွင် အကြမ်းဖက် သောင်းကျန်းသူများက အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ရန် လက်နက်အားကိုးဖြင့် အတင်းအဓမ္မ ဝင်ရောက်၍ စစ်စခန်းအဖြစ် အသုံးပြုကာ အဓိကအခြေပြုနေသည့် ချောင်းစောက်ရွာအား လည်းကောင်း အသီးသီး သိမ်းပိုက်ရရှိခဲ့သည်။



တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်–ကျိုက်ထို၊ ရွှေကျင်ဒေသရှိ KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အခြေပြုစခန်းများအား ထပ်မံ၍ သိမ်းပိုက်ရရှိမှု။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ အကြမ်းဖက် ခေါင်းဆောင် ၂ ဦး အပါအဝင် အလောင်း ၇ လောင်း၊ လက်နက်မျိုးစုံ ၃၇ လက်၊ ကျည်မျိုးစုံ ၈၃၄၅ တောင့်၊ ကျည်အိမ်မျိုးစုံ ၆၃ ခု၊ ဗုံးသီးမျိုးစုံ ၃၆၃ လုံး၊ မိုင်းမျိုးစုံ ၁၁၃ လုံး၊ ဆက်စပ်ပစ္စည်းမျိုးစုံ ၂၁၅၈ ခု၊ 4 x 4 မော်တော်ယာဉ် ၂စီး၊ ဒေသန္တရလုပ်မော်တော်ယာဉ် ၁ စီး၊ သောင်းကျန်းသူများ၏ ပြောက်ကျား ဝတ်စုံများ၊ ကျည်ကာ အင်္ကျီ/ဦးထုပ်များ၊ လူနေတဲများ၊ ဆက်သွယ်ရေးစက်များ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ ကွန် ပျူတာ အပါအဝင် ရုံးလုပ်ငန်းသုံး ပစ္စည်းများ၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ရိက္ခာပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် အခြား အသုံးအဆောင်ပစ္စည်း အများအပြား ထပ်မံသိမ်းဆည်းရရှိခဲ့ပြီး တပ်မတော် စစ်ကြောင်းများ၏ ရဲရဲတင်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း ဟူသည့် ဆောင်ပုဒ်နှင့်အညီ စွန့်လွှတ်စွန့်စားစွာ ဟန်ချက်ညီညီ ချေမှုန်းတိုက်ခိုက်မှုများ ကြောင့် အကြမ်းဖက်သောင်းကျန်း သူပူးပေါင်းအဖွဲ့များသည် ထိခိုက် ဆုံးရှုံးမှုများစွာဖြင့် ဖရိဖရဲဆုတ်ခွာ ထွက်ပြေးသွားကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများက အဆိုပါ ကျိုက်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်း အဖျက် အမှောင့်လုပ်ရပ်များ လုပ်ဆောင် လျက်ရှိသည့် အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ယာယီအခြေပြုခိုအောင်းနေ ထိုင်ရာနေရာများအား တိုက်ခိုက် ချေမှုန်းနိုင်ရေး ကြိုးပမ်းဆောင် ရွက်ခဲ့ရာတွင် နိုဝင်ဘာလ ၃ ရက် မှ ယနေ့ထိ အကြမ်းဖက်သောင်း ကျန်းသူများနှင့် စုစုပေါင်း တိုက်ပွဲ ကြိမ်/ငယ် ၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး CRPH၊ NUG အကြမ်းဖက် သောင်းကျန်းသူများ၏ အထူး တိုင်းစစ်ဌာန အပါအဝင် KNU၊ KNLA စခန်း ၂၈ ခုကို တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ကာ အကြမ်းဖက် သောင်းကျန်းသူများထံမှ အကြမ်း ဖက်ခေါင်းဆောင် ၂ ဦးအပါအဝင် အလောင်း ၇ လောင်း၊ လက်နက် မျိုးစုံ ၁၃၄ လက်၊ ကျည်မျိုးစုံ ၁၃၇၁၉ တောင့်၊ မိုင်းမျိုးစုံ၊ ဗုံးသီး အမြောက်အမြားနှင့် အခြား ဆက်စပ် ပစ္စည်းပေါင်းများစွာ သိမ်းဆည်းရမိခဲ့သည်။

စာမျက်နှာ ၁၅ သို့ ○



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။





အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများ၊ ဗုံးသီးများနှင့် ဆက်စပ်ပစ္စည်းများ။





အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်း၊ ဗုံးသီးများ၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။



အကြမ်းဖက်သောင်းကျန်းသူများ၏ ခိုအောင်းဆေးကုသနေသည့်နေရာမှ သိမ်းပိုက်ရရှိသည့် ဆေးဝါးများနှင့် ဆေးပစ္စည်းများ။

❍ စာမျက်နှာ ၁၄ မှ

KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် မွန်ပြည်နယ်၊ သိမ်ဇရပ်-ကျိုက်ထိုဒေသနှင့် ပဲခူးတိုင်းဒေသကြီး နယ်မြေအစပ်တို့ရှိ သွားလာရေးခက်ခဲသော တောတောင်များအတွင်း ယာယီအခြေပြုခိုအောင်းနေထိုင်၍ တရားဥပဒေမဲ့ မသမာသောနည်းလမ်းမျိုးစုံမှ ရရှိလာသော အကျိုးအမြတ်များဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန် အသုံးပြုမည့် လက် နက်/ ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူဖြည့်တင်းပြီး လက်နက်အားကိုးဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအား အနှိုင်ကျင့်ဗိုလ်ကျကာ ကျေးရွာများအတွင်းနှင့် အနီးဝန်းကျင်တို့တွင် ယာယီအခြေပြုစခန်းများ တည်ဆောက်နေထိုင်ခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၌ သဲအိတ်များဖြင့် ဘန်ကာများ တည်ဆောက်ခြင်း၊ ဆက်ကြေး ကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်း၊ ၎င်းတို့အပေါ်ထောက်ခံ အားပေးမှုမရှိသော ကျေးရွာများမှ ရဟန်းသံဃာများ၊ ဒေသခံပြည်သူများနှင့် သစ္စာရှိနိုင်ငံဝန်ထမ်းများအား ဒဏ်ခွေးခြင်းစဉ်တပ်ကာ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ ကုန်တင်ကားများနှင့် ခရီးသွား မော်တော်ယာဉ် များအား ဆက်ကြေး ကောက်ခံခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများအား မိုင်းထောင်ခြင်း၊ လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နည်းမျိုးစုံဖြင့်နှောင့်ယှက်ဖျက်ဆီးနေသည့် လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူများအား မည်သည့်ဒေသတွင်မျှ အခြေချ ခိုအောင်းနေထိုင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှု မရှိစေရေး အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ ၁၀၀





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ လက်နက်အားကိုးဖြင့် အတင်းအဓမ္မဝင်ရောက်၍ စစ်စခန်းအဖြစ် အသုံးပြုကာ အဓိကအခြေပြုနေသည့် ချောင်းစောက်ရွာအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်မှု။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် ခိုအောင်းဆေးကုသနေသည့်နေရာနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် Drone များ၊ ကျည်ကာအင်္ကျီ၊ ကျည်ကာဦးထုပ်များနှင့် အခြားပစ္စည်းများအား တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်-ကျိုက်ထို၊ ရွှေကျင် ဒေသရှိ KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အခြေပြုစခန်းများအား သိမ်းပိုက်ရရှိမှု။

ကလောမြို့၌ ငွေကျပ် ၁၂၇ ဒသမ ၆ သိန်းတန်ဖိုး၊ ဝေါမြို့နယ်၌ ငွေကျပ်သိန်း ၃၆၈၀ တန်ဖိုးနှင့် ဒေါပုံမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

ကလောမြို့၌ ငွေကျပ် ၁၂၇ ဒသမ ၆ သိန်းတန်ဖိုး၊ ဝေါမြို့နယ်၌ ငွေကျပ်သိန်း ၃၆၈၀ တန်ဖိုးနှင့် ဒေါပုံမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကလောမြို့ ကလောဘူတာဘဲ့ မိုးညှင်းမြို့နယ် ဘုံချောင်းရွာနေ သန်းထွန်း(၅၀)နှစ်နှင့် ချမ်းမြသာစည်မြို့နယ် သံလျက်မှော်တောင်ရပ်ကွက်နေ ခိုင်ခိုင်မော်(၅၃)နှစ်တို့ နှစ်ဦး သယ်ဆောင်လာသည့် လက်ဆွဲခြင်းများအတွင်းမှ ဘိန်းစိမ်း ၃၁ ဒသမ ၉ ကီလို (တစ်ကီလိုလျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၂၇ ဒသမ ၆ သိန်း) သိမ်းဆည်းရမိသဖြင့် သန်းထွန်းနှင့် ခိုင်ခိုင်မော်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဝေါမြို့နယ် ညောင်ခါးရွာအနီး၌ ခိုလှမ်းမြို့ရပ်ကွက်(၆)နေသူများဖြစ်သည့် ချမ်းဟူ(၃၈)နှစ် မောင်းနှင်ပြီး ဒေါမိုင် (၄၇)နှစ်လိုက်ပါလာသော Toyota Hilux ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၂၀၈၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၁၂၀)နှင့် ဘိန်းဖြူ ၁ ဒသမ ၄ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုး ငွေကျပ်သိန်း ၅၆၀) သိမ်းဆည်းရမိပြီး ကွင်းဆက်စစ်ဆေးချက်အရ ယင်းနေ့ညနေ ၄ နာရီတွင် သိမ်းဆည်းရမိမူးယစ်ဆေးဝါးများ သယ်ဆောင် ခိုင်းသူ ခိုလမ်းမြို့နယ် (၂၆)မိုင်ကျေးရွာရှိ ချောက်ကွမ်(ခ)ဝွမ်ချောင်(၃၀) နှစ်၏နေအိမ်မှ မူးယစ်ဆေးဝါးများသယ်ဆောင်ရာတွင် အသုံးပြုသည့် Toyota Hilux ယာဉ်တစ်စီးနှင့် SURF ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် မိုင်းယောင်းမြို့အနီးတွင် ချောက်ကွမ်(ခ)ဝွမ်ချောင်အား Hilux Revo ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ချမ်းဟူ၊ ဒေါမိုင်နှင့် ချောက်ကွမ် (ခ)ဝွမ်ချောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တရားခံ သန်းထွန်းနှင့် ခိုင်ခိုင်မော်တို့ကို သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူတွေ့ရစဉ်။

အလားတူ နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဒေါပုံမြို့နယ် သင်္ဘောကျင်းရပ်ကွက် မြို့မလမ်းတွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်နေ အေးထွန်း(၆၀)နှစ်နှင့် ထန်းတပင်မြို့နယ် ဒိတ်ကုန်းရွာနေ ထွန်းချေ(ခ) ဒေါင်းချေ(၅၈)နှစ်တို့ နှစ်ဦးကို Honda CRV ယာဉ်နှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၁၀ ဒသမ ၂ သိန်း (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုး ငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံ) ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရသိမ်းဆည်းရမိစိတ်ကြွဆေးပြားများသယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်ဝင်း(ခ) ကျော်ဝင်းချေ (၅၅)နှစ်ကို မင်္ဂလာတောင်ညွန့်မြို့နယ် ကျိတော်ရပ်ကွက်ရှိနေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် အေးထွန်း၊ ထွန်းချေ(ခ)ဒေါင်းချေနှင့် ကျော်ဝင်း(ခ) ကျော်ဝင်းချေတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဇော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် **"အဂ္ဂမဟာစက္ကဝတ္တိအညာတြရာဇာ"** Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြစ်ကိုင်းကျေးရွာနေ သူရိန်ဝင်း(ခ)ရာဇာအား မွန်းလွဲ ၂ နာရီခွဲတွင် ပန်းတောင်းမြို့မရဲစခန်း (၀၂)၅၀/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အလားတူ မွန်းတည့် ၁၂ နာရီတွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် **"Ko Mya" facebook** အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပန်းလှိုင်အိမ်ရာနေ မြတ်စိုးအား လက်ပံတန်းမြို့မရဲစခန်း (၀၂)၁၆၄/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသတွင်းစားသုံးဆီဖူလုံရေးနှင့် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးမှာကြား

မကွေး နိုဝင်ဘာ ၁၉

မကွေး တိုင်းဒေသကြီး နတ်မောက်မြို့နယ်ရွာမွန်ကျေးရွာ အုပ်စုရှိ ဒေသခံတောင်သူများကို ယနေ့နံနက်ပိုင်းတွင် မကွေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုညွှန့် တာဝန်ရှိသူများနှင့်အတူ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒေသတွင်းစားသုံးဆီဖူလုံရေးနှင့် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သွင်းအားစုနှင့် မြေဩဇာများ အချိန်ကိုက် စနစ်တကျထည့်သွင်းအသုံးပြုရေး၊ တစ်ကောပန်းတိုင် အထွက်နှုန်း ရရှိစေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများအတွက် သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။



ထိုသို့ သွားရောက်စဉ် ရွာမွန်ကျေးရွာအုပ်စု ကွင်းအမှတ် (၇၈၆) လွန်ပင်စောက်ကွင်းရှိ တောင်သူ ဦးထွန်းထွန်း၏ ဦးပိုင်အမှတ် (၂၆/၃)။ မြေကွက်အမှတ် (၉၃) ယာမြေပေါ်တွင် မေရပါ (ရွှေတောင်- ၁၀ မျိုး) တစ်ဧကနှင့် ဆီထွက်သီးနှံ နေကြာ (ဆင်းရွှေကြာ-၂ မျိုး) နှစ်ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့အတူ လုပ်ငန်းရှင် ဦးရန်နိုင်ထွန်း၏ "စိုးစံ" ဝါစက်နှင့် ဝါစေ့ကြိတ်ဆီစက် လုပ်ငန်း၌ နတ်မောက်မြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု ၄၅ အုပ်စုနှင့် ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု သုံးအုပ်စုတို့မှ ဒေသခံ ဝါစိုက်တောင်သူများ၏ ဝါထွက်ကုန်များကို လက်ခံဝယ်ယူနေမှု၊ Bajat ဝါကြိတ်ဂျင်ခုံ ခြောက်ခုနှင့် Nipha ဝါကြိတ်ဂျင်ခုံ ရှစ်ခုစုစုပေါင်းဂျင်ခုံ ၁၄ ခုဖြင့် တစ်နေ့လျှင် ဝါဝိသာချိန် ၁၅၀၀၀ ခန့် ကြိတ်ခွဲသန့်စင် ထုတ်လုပ်နေမှု၊ ဝါဂွမ်းများ သန့်စင်ထုပ်ပိုးနေမှုနှင့် အရည်အသွေးမီ ဝါစေ့ဆီထွက် ပစ္စည်းများ ထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် နတ်မောက်မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟို ဌာနအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်နိုင်မင်း(ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၌ home garden စိုက်ပျိုးထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

အုတ်တွင်း နိုဝင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများအား မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်စေရေးအတွက် ရည်ရွယ်၍ သီးပင်၊ စားပင်များ home garden စိုက်ပျိုးထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့်အဖွဲ့ဝင်များက တောင်သူများ home garden စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် သီးပင်၊ စားပင်များ ပိုးမွှားများအန္တရာယ်မကျရောက်စေရန်နှင့် သဘာဝမြေဩဇာများ စနစ်တကျ အသုံးပြုနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဦးက အသိပညာပေးပြောကြားပြီး အုတ်တွင်းမြို့နယ်အနေဖြင့် home garden စိုက်ပျိုးမှုကို ကျေးရွာအုပ်စု (၃၈)အုပ်စု၊ ကျေးရွာပေါင်း ၁၆၁ ရွာ၊ တောင်သူပေါင်း ၂၂၆၄ ဦးရှိပြီး ဧက ၁၁၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



ကျောင်းကုန်းမြို့၌ နွေစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ကျောင်းကုန်း နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ကျောင်းကုန်းမြို့နယ် အုန်းတောကျေးရွာ တောင်သူ ဦးအေးမင်းလတ်၏ လယ်မြေ ၅ ဿမ ၁၀ ဧကခွဲ ၂၀၂၆-၂၀၂၇ ခုနှစ် နွေစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းပညာပေးကွင်းသရုပ်ပြပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘိုင်းကျေးရွာအုပ်စု ရန်ကုန်-ပုသိမ်ကားလမ်းတော်ရှိ နေနတ်သားဆန်စက်တွင် မြို့နယ်မီးသတ်စခန်းမှူး ဦးဇေဇောအောင် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၈ ရက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။ မင်းထက်သာ



ကရင်ပြည်နယ်အတွင်း စပါးအထွက်နှုန်းမှန်ကန်စွာ သိရှိနိုင်ရန် မိုးစပါးစံကွက်ပေါင်း ၁၈၁၁ ကွက် ရိတ်သိမ်းသွားမည်



ဘားအံ နိုဝင်ဘာ ၁၉

ကရင်ပြည်နယ်အတွင်း ယခုနှစ် မိုးရာသီတွင် မိုးစပါး ၃၇၇၉၃၆ ဧကစိုက်ပျိုးခဲ့ပြီး စပါးအထွက်နှုန်းမှန်ကန်စွာ သိရှိနိုင်ရန်အတွက် ပြည်နယ်ရှိ မိုးစပါးစံကွက်ပေါင်း ၁၈၁၁ ကွက်ကို ရိတ်သိမ်းသွားမည် ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ဘားအံမြို့နယ် ရဲသာကျေးရွာအုပ်စု ကမ၁ကစင်ကျေးရွာကွင်းအမှတ် ၁၁၈၆၊ ကမ၁ကစင်အရှေ့ကွင်းရှိတောင်သူဦးတင်ဝင်း၏ ဆင်းသုခမိုးစပါးစိုက်ခင်းကို ယနေ့နံနက်ပိုင်းက စံကွက်ရိတ်သိမ်းမှု ဆောင်ရွက်ရာ စပါးစံကွက်ရိတ်သိမ်းမှု၊ ရိတ်သိမ်းရရှိလာသည့် မိုးစပါးများကို အထွက်နှုန်းစံစစ် ချိန်တွယ် တိုင်းတာမှုတို့ကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်ဝန်ကြီးများနှင့် အတူ တက်ရောက်ကြည့်ရှု အားပေးသည်။

ထိုသို့ ကြည့်ရှုစဉ် တာဝန်ရှိသူများက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မီးဘေးအန္တရာယ်၊ မီးခိုးမြူငွေ့များနှင့် လေထုညစ်ညမ်းမှု၊ Fire Hotspot လျော့ချရေး၊ တစ်ဧကစိုက်ပျိုး ကုန်ကျစရိတ်၊ အကျိုးအမြတ်တွက်ချက်ခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားကာ ပါဝင်အားဖြည့် ကူညီပေးသော အဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်း(ဒုံရင်း) မှ Grade-12 အောင်မြင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း)၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး) နှင့် စိုက်ပျိုးရေးသိပ္ပံ(ဘားအံ) သို့ တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ အားပေးစကား ပြောကြားပြီး ကျောင်းသား ကျောင်းသူများ အတွက် ခရီးစရိတ်နှင့် ပညာသင် စရိတ်များ ပေးအပ်သည်။

ကရင်ပြည်နယ် အစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်း(ဒုံရင်း) မှ Grade-12 အောင်မြင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)သို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူ ၁၂ ဦး၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း)သို့ တက်ရောက်မည့် ကျောင်းသူ၁ဦး၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)သို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူ ငါးဦး၊ စိုက်ပျိုးရေးသိပ္ပံ(ဘားအံ) သို့တက်ရောက်မည့် ကျောင်းသား ကျောင်းသူ ခြောက်ဦး စုစုပေါင်း ၂၈ ဦးတို့ကို တစ်ဦးလျှင် လစဉ် တစ်လ တစ်သိန်းငါးသောင်းကျပ် ပညာသင်စရိတ် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



သန်လျင်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ပညာပေးမွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၈ ရက်က အဆိုပါရုံးခန်းမ၌ပြုလုပ်ရာ မြို့နယ်အခွန်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်မိုးက ရှင်းလင်းပြောကြားစဉ်။

သန်းဝင်း(သန်လျင်)

၂၀၂၆ ခုနှစ် ရခိုင်ပြည်နယ် အခြေခံပညာကျောင်းပေါင်းစုံ အရိုးပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

စစ်တွေ နိုဝင်ဘာ ၁၉

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် အခြေခံပညာ ကျောင်းပေါင်းစုံ အရိုးပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် နှစ်သိမ့်ဆုများ ရရှိကြသော အခြေခံပညာအထက်တန်းကျောင်းများနှင့် အထက်တန်းကျောင်း(ခွဲ)များမှ ပြိုင်ပွဲဝင် ကျောင်းသူများအား ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တတိယဆုရရှိသော အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒုတိယဆုရရှိသော အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စက်ရုံစုမှ ကျောင်းသူများက အရိုးစစ်အကဖြင့် ကပြဖျော်ဖြေကြပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် ပထမဆုရရှိသော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက အရိုးစစ်အကဖြင့် ကပြဖျော်ဖြေကြပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၆ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ အရိုးစစ်ပြိုင်ပွဲကို စစ်တွေမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အထက်တန်းကျောင်း (ခွဲ)များမှ ကျောင်းသူများက နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြပြီး ဂုဏ်ပြုငွေစုစုပေါင်းငွေကျပ် ၅၆၂၂၀၀၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



Sky Villa ကွန်ဒိုမြေနေရာ လေလံတင်ရောင်းချနိုင်ရေး NTL ကုမ္ပဏီနှင့် အခန်းပိုင်ရှင်များ သဘောတူလက်မှတ်ရေးထိုး



မန္တလေး နိုဝင်ဘာ ၁၉

Sky Villa ကွန်ဒိုမြေနေရာအား လေလံတင် ရောင်းချနိုင်ရေး အတွက် NTL ကုမ္ပဏီနှင့် ကွန်ဒို အခန်းပိုင်ရှင်များအကြား သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းနှင့် သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်က မန္တလေးမြို့(၂၆)လမ်းနှင့် (၅၇) လမ်းထောင့်ရှိ အောင်မြင်ခြင်း (Triumph)ဟိုတယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ NTL ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် Sky Villa ကွန်ဒိုအခန်းပိုင်ရှင်များ တက်ရောက်ခဲ့ကြပြီး မြေနေရာ လေလံတင် ရောင်းချနိုင်ရေးနှင့် အကျိုးရလဒ် ခွဲဝေရေး ကိစ္စများအပါအဝင် သဘော တူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို NTL ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် Sky Villa မြေနေရာ လေလံတင် ရောင်းချနိုင်ရေးနှင့် အကျိုးရလဒ်ခွဲဝေရေး ကော်မတီဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

Sky Villa မြေနေရာကို လေလံကြမ်းခင်းစေး ကျပ်သိန်းပေါင်းလေးသိန်းဖြင့် လေလံတင် ရောင်းချသွားမည် ဖြစ်ပြီး ရောင်းချရငွေကို NTL ကုမ္ပဏီက ၄၀ ရာခိုင်နှုန်းနှင့် ကွန်ဒိုအခန်း ပိုင်ရှင်များက ၆၀ ရာခိုင်နှုန်း ခွဲဝေ ရယူကြမည်ဖြစ်သည်။ အခန်း ပိုင်ရှင်များအတွက် ခွဲဝေပေးမည့် ရောင်းရငွေ ၆၀ ရာခိုင်နှုန်းကို လည်း တစ်ဦးချင်းပိုင်ဆိုင်သည့် အခန်း၏ စတုရန်းပေအကျယ် အဝန်းအလိုက် အချိုးကျခွဲဝေရယူ ကြမည်ဖြစ်ကြောင်း သိရသည်။

အကြောင်း အမျိုးမျိုးကြောင့် အခမ်းအနားသို့ တက်ရောက်၍ စာချုပ်လက်မှတ်ရေးထိုးနိုင်ခြင်း မရှိခဲ့သည့် ကွန်ဒိုအခန်းပိုင်ရှင် များအနေဖြင့် Sky Villa မြေနေရာ လေလံတင် ရောင်းချနိုင်ရေးနှင့် အကျိုးရလဒ်ခွဲဝေရေးကော်မတီ သို့ဆက်သွယ် လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **မန်းကိုယ်ပွား**

MOEE လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

မိဘပြည်သူများခင်များ
တန်ဆောင်တိုင်ကာလ မဲဇလီဖွားခြင်းရာတွင် မိမိတက်ရောက်သည့် သစ်ပင်သစ်ကိုင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းတို့ထိတွေ့ အန္တရာယ်ရှိနိုင်မှုကို သတိပြုကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။



MOEE လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

မိဘပြည်သူများခင်များ
ကထိန် အလှူရာသီကာလ ရောက်ပြီဖြစ်၍ ပဒေသာပင်များ သယ်ဆောင်လှည့်လည်သွားလာရာတွင် လျှပ်စစ်ဓာတ်အား လိုင်း လျှပ်စစ်ကိရိယာများ နှင့် ထိခိုက်အန္တရာယ်ရှိနိုင်မှုကို အထူးသတိပြုကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။



ပဲခူးမြို့၌ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ပညာပေး ရှုင်းလင်းဆွေးနွေး



ပဲခူး နိုဝင်ဘာ ၁၉

ပြည်တွင်းအခွန်များဦးစီးဌာနမှ ရောင်းချလျက်ရှိသော အခွန်တံဆိပ်ခေါင်းများနှင့် ရုံးခွန်တံဆိပ်ခေါင်းများကို လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအတွက် လိုင်စင်ခွင့်ပြု ထုတ်ပေးခြင်းနှင့် ရောင်းချရာတွင် လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများအား အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပဲခူးမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမြင့်က တက်ရောက် လာသည့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူ ၁၀ ဦးတို့အား တံဆိပ်ခေါင်းခွန်နှင့် ရုံးခွန်နည်းဥပဒေများပါ လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချသူများ၏ တာဝန်နှင့် အကျိုးခံစားခွင့်များ၊ လိုင်စင်ရ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် ရုပ်သိမ်းခြင်းဆိုင်ရာနည်းဥပဒေများ သတ်မှတ်ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မော်လမြိုင်မြို့ အမျိုးသမီးနှင့်ကလေးဆေးရုံရှိ မွေးဖွားလူနာများအား အာဟာရဖြည့်စွက်စာများ ပေးအပ်လှူဒါန်း

မော်လမြိုင် နိုဝင်ဘာ ၁၉

မွန်ပြည်နယ် မော်လမြိုင်မြို့ အမျိုးသမီးနှင့် ကလေးဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူ လျက်ရှိသော မွေးဖွားလူနာများ အား အာဟာရဖြည့်စွက်စာများ ပေးအပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၁၈ ရက်က အဆိုပါ ဆေးရုံ၌ ကျင်းပသည်။



ပေးအပ်

ထိုသို့ ပေးအပ်ရာတွင် မော်လမြိုင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ဆေးရုံတက်ရောက်နေသည့် မွေးဖွားလူနာ ၂၂ ဦးအား ကြက်ဥ ၁၀ လုံးနှင့် အာဟာရဖြည့်စွက်စာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ် နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံ များအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၁၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၈ လုံး စုစုပေါင်း အဆောက်အအုံ ၁၂ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၁ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွား နယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်း လိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက် သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

မိုင်းပျဉ်းမြို့၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မိုင်းပျဉ်း နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၌ သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများနှင့် အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကိုယနေ့နံနက် ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာများသို့ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)နှင့် တာဝန်ရှိသူများသည် Smart Village စီမံကိန်းဖြင့် ဆောင်ရွက်သည့် ယမ်းမိုင်ကျေးရွာအဝင် ဆိုင်းဘုတ်ပြုလုပ်ခြင်း လုပ်ငန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆောင်ရွက်သည့် ဝမ်တာခက်ကျေးရွာ ဂါလန် ၃၀၀၀ ဆံ့ရေစုကန် တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ပြည်နယ် ရန်ပုံငွေဖြင့် ရဲပြည့်စုံထွေး ကုမ္ပဏီမှဆောင်ရွက်သည့် တုံဝမ်ကျေးရွာ



ကုန်ထုတ်လမ်းအပိုင်း(၁) (၁/၀)မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် အရှေ့ပိုင်း ချယ်ရီမြေကုမ္ပဏီမှဆောင်ရွက်သည့် တုံဝမ်ကျေးရွာကုန်ထုတ်လမ်း အပိုင်း(၂) (၁/၀)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ နန်းသန္တာဦး(ပြန်/ဆက်)

ပူတာအိုမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း သဲကျောက်လမ်းခင်းနေမှု ၇၀ ရာခိုင်နှုန်းပြီးစီး

ပူတာအို နိုဝင်ဘာ ၁၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ



ဖြင့် ဌာနမှဆောင်ရွက်သည့် ပူတာအိုမြို့နယ်၊ မာမဲ့ရိုးဒီနှင့် အောက်ဆန်ဂေါင်ကျေးရွာချင်းဆက်လမ်း ၁ မိုင် ၂ ဖာလုံ သဲကျောက်လမ်းခင်းခြင်း လုပ်ငန်း ၇၀ ရာခိုင်နှုန်းပြီးစီးမှုအား ပူတာအိုခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

မာမဲ့ရိုးဒီနှင့် အောက်ဆန်ဂေါင် ကျေးရွာချင်းဆက်လမ်းအရှည် နှစ်မိုင်အနက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ၆ ဖာလုံ အား သဲကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခု ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ၁ မိုင် ၂ ဖာလုံအား သဲကျောက် ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မာမဲ့ရိုးဒီကျေးရွာနှင့် အောက်ဆန်ဂေါင်ကျေးရွာချင်းဆက် လမ်း သဲကျောက်လမ်းဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၂၆၆ အိမ်၊ လူဦးရေ ၂၀၉၆ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက် သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းကဏ္ဍများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

မြန်မာ့အသံနှင့်ခွပ်မြင်သံကြား

၂၀-၁၁-၂၀၂၆ သောကြာနေ့



MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆိုင်ရာ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဆရာတော်များကယင်္ကတ်တရားတော်ရွတ်တတ်ပုံတော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ ဟုပ်ဒေါင်းအမျိုးသားဥယျာဉ်
၀၉:၁၀ စုပေါင်းလိုဆင်ကာန္တာတန်းဆောင်ပုန်းလရဲ့ မြတ်ကထိန်အလှူပွဲ
၀၉:၃၅ Soccer View
၁၀:၃၅ လူမှုစီးပွားသတင်းများ
၁၂:၃၅ မြန်မာစာတမ်းဆိုတဲ့ 'ဇင်ငိ' (အပိုင်း-၁၀)
၁၃:၃၀ MRTV National News
၁၃:၅၀ နိုင်ငံခြားစာတမ်းဆိုတဲ့ 'သုသမ်ဓဋ္ဌ' (အပိုင်း-၄၀)(စာတမ်းသိမ်းပိုင်း)
၁၄:၃၀ 2027 AFC U-17 Asian Cup Qualifiers ဖြေဆိုပွဲအုပ်စု(A) အမျိုးသားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း)
၁၆:၃၀ ကောင်းကင်ယံထက်ကမြန်မာ့ရိုးရာအလှ တန်ဆောင်တိုင်ပွဲတော်ညှ
၁၈:၃၀ Weekly Sports Info
၁၈:၃၅ တန်ဆောင်တိုင်ထားများ
၁၉:၃၀ မြန်မာစာတမ်းဆိုတဲ့ 'ဇင်ငိ' (အပိုင်း-၂၀)
၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း ပိုးလေလေသာခြောင်းနေ
၂၁:၀၀ 'အတွန်းယပ်ကထိန်ပွဲ' တောင်တောင်မော်မြေပြိုတိုက်ရိုက်ထုတ်လွှင့်မှုနှင့်အစီအစဉ်
၂၂:၃၅ ပုလိပ်သံကြားစာတမ်းလမ်း

mtv

07:01 Evergreen Classic; Awayyar Horntu (Sein Lei Lei)
07:08 Nyaung Oo Phee Island
07:31 Let's Taste Delicious Insects: Pounded Cicada Curry, Grasshopper Curry
07:48 Listening Pleasure, Instrumental Music (Horn Violin) Sayama
08:01 News
08:26 Sports & Games
08:35 Natural Mineral Water
09:01 Thatbyinnyu Temple
09:50 Myanmar Childhood Games (Episode-1)
10:01 News

MRTV MRC

ချင်း (ကိုင်းဆိုး) (၀၆:၀၀ မှ ၀၇:၀၀) ဂျူးစောင်းလက်ပစ်ဂွစ်း
ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀) ကိုင်းဟင်းချိန်ခဲ့ပါပီထောင်း
မွန် (၀၈:၀၀ မှ ၁၀:၀၀) မွန်တိုင်းပျံကြည်ကိုးကွယ်ကာလေ့ထုံးတမ်းများ
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) အနာဂတ်ရဲ့အိပ်မက်ဝိရိယရည်
ရှမ်း (၁၂:၀၀ မှ ၁၄:၀၀) ငွေတိုက်မြို့တော်
ဝ (၁၄:၀၀ မှ ၁၆:၀၀) တန့်ယန်ပြိုအလှ
ကချင် (၁၆:၀၀ မှ ၁၈:၀၀) ပသန်သော်လည်းစွမ်းပါသည်
ကယား (၁၈:၀၀ မှ ၂၀:၀၀) လှပ်ဆုံပါလကယန်းမန်ပက်ဒေသဆီ
ဓနကရင် (၂၀:၀၀ မှ ၂၂:၀၀) အဆိုတော်လယ်ကလယ်မူးနှင့်တွေ့ဆုံခြင်း
ဘန္ဒေးကရင် (၂၂:၀၀ မှ ၂၂:၃၀) ဖို့ဇင်ပြဿနာရေလုပ်သားကြီးဘာ
ဘဏ္ဍုပြုကရင် (၂၂:၃၀ မှ ၂၃:၀၀) စာပေစကားပြေကြာရေးဘင် (အပိုင်း-၄)

MRTV NEWS

၀၆:၀၀ အတွင်းဝေါသိရှင်း
၀၆:၀၅ လူပ်လှုပ်ရှားမှုအားကစား
၀၇:၀၀ ပြည်တွင်းသတင်း (LIVE)
၀၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်ကဏ္ဍ (LIVE)
၁၈:၁၅ Football Highlights
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၅ ရသစုံတွဲကြမ်းမှာ
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၇:၀၀ အတွင်းအလံ
၀၇:၃၀ တတိယအကြိမ်မြောက်သူလွှတ်တော်တတိယ ပုံမှန်အစည်းအဝေး (Replay)
၂၀:၀၀ ပြည်တွင်းသတင်း (၂၀-၁၁-၂၀၂၆)

MRTV FARMERS

၀၆:၀၀ အတွင်း နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် ပိုးလေလေ
၀၆:၂၀ စိုက်ပျိုးမြေမြှုပ်တာဘက် 'တိရစ္ဆာန်အစားအာဟာရ'
၀၈:၀၀ ဇတ်စရာမှတ်ရာဘောင်းပါးကဏ္ဍ
၀၉:၀၀ အိုးစားနံသယ်ဘာမှလိုသောဘန်ိုပြင်ဆင်ထုတ်ကုန်
၁၆:၃၀ ပဝါဟုပ်ထွေးတုန်းက (အပိုင်း-၆) (မြန်မာစာတမ်းလမ်းကြဲ)

MRTV SPORTS

၀၆:၀၀ အတွင်
၀၆:၂၀ လူငယ်တို့အတွက်လမ်းမြောက်
၀၆:၄၅ Sports Diary
၀၇:၃၀ Soccer View
၀၈:၀၀ (၃၁)ကြိမ်မြောက်အလှူတောင်အာရှ အားကစားပြိုင်ပွဲ (အမျိုးသား) ပိုက်ကွက်ခြင်း ပြိုင်ပွဲ (Replay) (မြန်မာ Vs ထိုင်းနိုမ်)
၁၄:၄၅ 2027 AFC U-17 Asian Cup Qualifiers ဖြေဆိုပွဲအုပ်စု(A) အမျိုးသားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း)
၁၆:၀၀ အားကစားသတင်း

Scan Here



Education Channel

ဉာဏ်ရည်တုနည်းပညာသုံး စွမ်းအင်စီမံခန့်ခွဲမှုစနစ်

ပါမောက္ခ ဒေါက်တာမျိုးခိုင် (ကွန်ပျူတာတက္ကသိုလ်)

ရုပဗေဒပညာရပ်၏ စွမ်းအင်နိယာမအရ စွမ်းအင်ကို အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးသို့ ကူးပြောင်းနိုင်ပါသည်။ နေရောင်ခြည်၏ အလင်းစွမ်းအင်၊ စီးဆင်းနေသော ရေနှင့်တိုက်ခတ်နေသော လေတို့၏ အရွေ့စွမ်းအင်၊ ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့သော လောင်စာများ၏ ဓာတုစွမ်းအင်တို့မှတစ်ဆင့် လျှပ်စစ်စွမ်းအင်အဖြစ်သို့ အဆင့်ဆင့် အသွင်ပြောင်းလဲရယူကြရပါသည်။

ထိုမှတစ်ဆင့် ဘက်ထရီများအတွင်း ဓာတုစွမ်းအင်အဖြစ် သိုလှောင်သိမ်းဆည်း၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ကျွန်ုပ်တို့ နေ့စဉ်အသုံးပြုနေသည့် မီးအလင်းရောင်နှင့် အပူစွမ်းအင်များအဖြစ် ပြန်လည်အသုံးချနေကြခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် စွမ်းအင်ပုံစံတစ်မျိုးမှ အခြားပုံစံတစ်မျိုးသို့ ပြောင်းလဲရယူကြရခြင်းဖြစ်ပါသည်။

ယနေ့ခေတ် ကမ္ဘာကြီး၌ လူသားတို့၏ နေ့စဉ်လှုပ်ရှားမှုတိုင်းတွင် ထို“စွမ်းအင်”သည် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်နေပြီး အထူးသဖြင့် လျှပ်စစ်စွမ်းအင်အပေါ် များစွာမှီခိုနေရပါသည်။ တစ်ဖက်တွင် လူဦးရေတိုးပွားလာခြင်းနှင့် စက်မှုလုပ်ငန်းများ တိုးချဲ့လာခြင်းတို့ကြောင့် စွမ်းအင်လိုအပ်ချက်မှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသော်လည်း အခြားတစ်ဖက်တွင်မူ သဘာဝလောင်စာအရင်းအမြစ်များ နည်းပါးလာခြင်းနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါသည်။

ဤကဲ့သို့သော အခြေအနေတွင် ရှိရင်းစွဲစွမ်းအင်များကို အလေအလွင့်မရှိဘဲ အကျိုးရှိရှိအသုံးချနိုင်ရန်မှာ လူသားတိုင်းအတွက် အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်လာပါသည်။ ထိုတာဝန်ကို လူသားများကိုယ်စား အတိကျဆုံးနှင့် အထိရောက်ဆုံး ကူညီဖြေရှင်းပေးနိုင်မည့် နည်းပညာတစ်ခုမှာ ဉာဏ်ရည်တုနည်းပညာသုံး စွမ်းအင်စီမံခန့်ခွဲမှုစနစ် (AI–Powered Energy Management System)ပင်ဖြစ်ပါသည်။

စွမ်းအင်စီမံခန့်ခွဲမှုစနစ်နှင့် ဉာဏ်ရည်တုပေါင်းစပ်ခြင်း

သာမန်အားဖြင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ်ဆိုသည်မှာ အိမ်တစ်အိမ်၊ အဆောက်အအုံတစ်ခု သို့မဟုတ် စက်ရုံတစ်ရုံ၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏကို စောင့်ကြည့်တိုင်းတာခြင်းနှင့် ထိန်းချုပ်ခြင်းပြုလုပ်ပေးသည့်စနစ်ဖြစ်ပါသည်။ ယခင်က ထိုစနစ်များကို လူသားများကိုယ်တိုင် မီတာဖတ်ရှုခြင်း၊ ခလုတ်အဖွင့်အပိတ် ပြုလုပ်ခြင်းတို့ဖြင့် စီမံခန့်ခွဲခဲ့ကြရပါသည်။ သို့သော် ယင်းစနစ်ထဲသို့ ဉာဏ်ရည်တုနည်းပညာကို ပေါင်းစပ်ထည့်သွင်းလိုက်သောအခါ အရာရာသည် ပြောင်းလဲသွားပါသည်။

AI နည်းပညာသည် လူသားများကဲ့သို့ အချက်အလက်များကို မှတ်သားလေ့လာနိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းနှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက် ချမှတ်နိုင်စွမ်းရှိပါသည်။ အဆောက်အအုံများနှင့် ဓာတ်အားလိုင်းများတွင် တပ်ဆင်ထားသော အာရုံခံကိရိယာငယ်များမှတစ်ဆင့် ရရှိလာသည့် စွမ်းအင်သုံးစွဲမှုအချက်အလက်များကို AI စနစ်က စက္ကန့်နှင့်အမျှ စုဆောင်းလေ့လာပြီး လူသားတို့ဝင်ရောက် စွက်ဖက်ရန်မလိုဘဲ စွမ်းအင်သုံးစွဲမှုကို အလိုအလျောက် ချိန်ညှိထိန်းကျောင်းပေးနိုင်ပြီဖြစ်ပါသည်။

နေ့စဉ်လူနေမှုဘဝနှင့် အိမ်သုံးစွမ်းအင်ခြုံခြုံချွေတာရေး

နေအိမ်များတွင် AI စွမ်းအင်စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုခြင်းဖြင့် စွမ်းအင်သုံးစွဲမှုကုန်ကျစရိတ်များကို သိသိသာသာ လျှော့ချနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် မိသားစုဝင်များ အိပ်ရာထချိန်၊ အလုပ်သွားချိန်နှင့် အိမ်ပြန်ရောက်ချိန် စသည့် နေ့စဉ်အလေ့အထများကို AI စနစ်က ရက်အနည်းငယ်အတွင်း လေ့လာမှတ်သားထားနိုင်ပါသည်။ ထိုသို့ မှတ်သားထားပြီးနောက် အိမ်တွင် လူမရှိသည့်အချိန်များ၌ မလျော့ပြီး ဖွင့်ထားမိသော မီးချောင်းများ၊ ပန်ကာများနှင့် လေအေးပေးစက်များကို စနစ်က အလိုအလျောက် ပိတ်ပေးပါလိမ့်မည်။

ထို့အပြင် ပြင်ပရာသီဥတု အပူချိန်အနိမ့်အမြင့်ပေါ်မူတည်၍ အခန်းတွင်းရှိ လေအေးပေးစက်၏ အအေးဓာတ်ကို လိုအပ်သလောက်သာ အတိုးအလျှော့ပြုလုပ်ပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အား အလေအလွင့်မဖြစ်အောင် ကာကွယ်ပေးနိုင်ပါသည်။ အလားတူပင် နေအိမ်သုံးဆိုလာနှင့် ဘက်ထရီစနစ်များ တွဲဖက်တပ်ဆင်ထားပါက နေသာချိန်တွင် ဘက်ထရီအားသွင်းခြင်းနှင့် မီးပျက်ချိန်တွင် ဘက်ထရီမှ စွမ်းအင်ကို အကျိုးရှိရှိ ခွဲဝေသုံးစွဲခြင်းတို့ကိုလည်း စနစ်တကျ ထိန်းညှိပေးနိုင်ပါသည်။ ထိုမျှသာမက အိမ်သုံးလျှပ်စစ်ပစ္စည်းတစ်ခုချင်းစီက မီတာယူနစ် မည်မျှသုံးစွဲနေသည်ကို မိမိ၏ လက်ကိုင်ဖုန်းမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုသိရှိနိုင်သဖြင့် မလိုအပ်ဘဲ စွမ်းအင်သုံးစွဲနေမှုများကို အလွယ်တကူ ထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ထို့အပြင် နေအိမ်ခြံဝင်းအတွင်းရှိ အပြင်မီးများနှင့် လမ်းမီးတိုင်များကိုလည်း ပတ်ဝန်းကျင် အလင်းအမှောင်ပေါ်မူတည်၍ နေ့အလင်းရောင်ရရှိချိန်တွင် အလိုအလျောက်ပိတ်ပေးပြီး ညနေမှောင်ရိပ်သန်းလာချိန်မှသာ အလိုအလျောက် လင်းလက်လာစေရန် ထိန်းချုပ်နိုင်ပါသည်။ အထူးသဖြင့် သန်းခေါင်ယံကဲ့သို့ လူသွားလူလာနည်းပါးသည့် အချိန်များတွင် AI စနစ်က မီးအလင်းအားကို လိုအပ်သလောက်သာ အလိုအလျောက် လျှော့ချပေးထားနိုင်သဖြင့် မလိုအပ်ဘဲ လျှပ်စစ်စွမ်းအင်ကုန်ဆုံးမှုကို များစွာသက်သာစေပါသည်။

> **“နေအိမ်များတွင် AI စွမ်းအင်စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုခြင်းဖြင့် စွမ်းအင်သုံးစွဲမှုကုန်ကျစရိတ်များကို သိသိသာသာ လျှော့ချနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် မိသားစုဝင်များ အိပ်ရာထချိန်၊ အလုပ်သွားချိန်နှင့် အိမ်ပြန်ရောက်ချိန် စသည့် နေ့စဉ်အလေ့အထများကို AI စနစ်က ရက်အနည်းငယ်အတွင်း လေ့လာမှတ်သားထားနိုင်ပါသည်။ ထိုသို့ မှတ်သားထားပြီးနောက် အိမ်တွင် လူမရှိသည့်အချိန်များ၌ မလျော့ပြီး ဖွင့်ထားမိသော မီးချောင်းများ၊ ပန်ကာများနှင့် လေအေးပေးစက်များကို စနစ်က အလိုအလျောက် ပိတ်ပေးပါလိမ့်မည်**

စီးပွားရေးလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများအတွက် အကျိုးကျေးဇူးများ

အိမ်သုံးအဆင့်ထက် ပိုမိုကျယ်ပြန့်သော စျေးဝယ်စင်တာကြီးများ၊ ရုံးခန်းအဆောက်အအုံများ၊ ဟိုတယ်များနှင့် စက်ရုံအလုပ်ရုံကြီးများတွင် စွမ်းအင်စီမံခန့်ခွဲမှုသည် လုပ်ငန်းအောင်မြင်ရေးအတွက် အသက်တမျှ အရေးကြီးပါသည်။ စက်ရုံကြီးများတွင် စက်ပစ္စည်းများ လည်ပတ်ရာ၌ လျှပ်စစ်ဓာတ်အား အများအပြားသုံးစွဲရလေ့ရှိပါသည်။ AI စနစ်သည် စက်ပစ္စည်းတစ်ခုချင်းစီ၏ စွမ်းအင်သုံးစွဲမှုပုံစံကို အမြဲမပြတ် စောင့်ကြည့်နေပြီး စက်တစ်လုံးသည် ပုံမှန်ထက် လျှပ်စစ်ဓာတ်အား ပိုမိုစားသုံးနေပါက သို့မဟုတ် ပုံမှန်မဟုတ်သောတုန်ခါမှုနှင့် အပူချိန်မြင့်တက်မှုများဖြစ်ပေါ်နေပါက စက်မပျက်စီးမီ ကြိုတင်၍ သတိပေးချက် ထုတ်ပြန်ပေးနိုင်ပါသည်။

ဤနည်းအားဖြင့် စက်ပစ္စည်းများ ရုတ်တရက်ပျက်စီး၍ လုပ်ငန်းရပ်တန့်သွားခြင်းနှင့် ပြုပြင်စရိတ်ကြီးမြင့်ခြင်းတို့ကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု အမြင့်ဆုံး အချိန်များတွင် စက်ရုံ၏ဝန်အားကို မျှတအောင် ထိန်းညှိပေးခြင်းဖြင့် ဓာတ်အားလိုင်း ဝန်ပိခြင်းနှင့် မီးပျက်ခြင်းတို့ကို လျှော့ချပေးနိုင်ပါသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ပင်မဓာတ်အားစနစ် ဟန်ချက်ညီစေခြင်း

ယနေ့ကမ္ဘာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ကျောက်မီးသွေးနှင့် ရေနံလောင်စာများအစား နေရောင်ခြည်စွမ်းအင်နှင့် လေအားလျှပ်စစ်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အစားထိုးအသုံးပြုရန် ကြိုးပမ်းနေကြပါသည်။ သို့သော် နေရောင်ခြည်နှင့် လေတို့က်နှုန်းတို့သည် ရာသီဥတုအပေါ်မူတည်၍ အချိန်မရွေးပြောင်းလဲနိုင်သဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ တည်ငြိမ်မှုမရှိနိုင်ပါ။ ဤနေရာတွင် AI နည်းပညာက အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာပါသည်။ AI စနစ်သည် မိုးလေဝသခန့်မှန်းချက်များကို ကြိုတင်တွက်ချက်ပြီး မည်သည့်အချိန်တွင် နေသာမည်၊ လေတိုက်နှုန်းကောင်းမွန်မည် သို့မဟုတ် တိမ်ဖုံးမည်ကို သိရှိနိုင်ပါသည်။

ထိုအပေါ်မူတည်၍ စွမ်းအင်ထုတ်လုပ်မှုအားကောင်းချိန်တွင် ထွက်ရှိလာသော ပိုလျှံလျှပ်စစ်ဓာတ်အားများကို ဘက်ထရီကြီးများထဲသို့ စနစ်တကျ သိုလှောင်သိမ်းဆည်းထားပြီး တိမ်ဖုံးချိန်၊ လေငြိမ်ချိန် သို့မဟုတ် ညအချိန်များတွင် ပင်မဓာတ်အားစနစ်အတွင်းသို့ အလိုအလျောက် ပြန်လည်ထုတ်လွှတ်ပေးခြင်းဖြင့် ဓာတ်အားကွန်ရက် တစ်ခုလုံးကို တည်ငြိမ်ဟန်ချက်ညီအောင် ထိန်းသိမ်းပေးနိုင်ပါသည်။

အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုများ

နည်းပညာတိုင်းတွင် အားသာချက်များရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိစမြဲဖြစ်ပါသည်။ AI နည်းပညာသုံး စွမ်းအင်စီမံခန့်ခွဲမှုစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန်အတွက် ကနဦးအဆင့်တွင် ခေတ်မီအာရုံခံကိရိယာများ၊ စမတ်မီတာများနှင့် ဆော့ဖ်ဝဲစနစ်များ တပ်ဆင်ရမည်ဖြစ်ရာ ကုန်ကျစရိတ် အတန်အသင့်ရှိနိုင်ပါသည်။ သို့သော် ရေရှည်တွင် သက်သာသွားမည့်စွမ်းအင်ဖိုးငွေနှင့် နှိုင်းယှဉ်ပါက ကနဦးရင်းနှီးမြှုပ်နှံမှုသည် အကျိုးအမြတ်များစွာ ပြန်လည်ရရှိစေမည်ဖြစ်ပါသည်။

ထို့အပြင် အင်တာနက်ကွန်ရက်နှင့် ချိတ်ဆက်အလုပ်လုပ်ရသော စနစ်ဖြစ်သည့်အတွက် ပြင်ပမှ ဆိုက်ဘာတိုက်ခိုက်မှုများမခံရစေရန် နည်းပညာလုံခြုံရေးကို အထူးဂရုစိုက် တည်ဆောက်ရန်လိုအပ်ပါသည်။ တစ်ဖက်တွင်လည်း ဤနည်းပညာသစ်များကို ကိုင်တွယ်ထိန်းသိမ်းနိုင်မည့် ပြည်တွင်းနည်းပညာရှင် လူစွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရန်နှင့် အများပြည်သူအကြား နည်းပညာဆိုင်ရာ အသိပညာ ဗဟုသုတများဖြန့်ဝေပေးရန် လိုအပ်မည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အနာဂတ်မျှော်မှန်းချက်

စွမ်းအင်ကို ခြိုးခြံချွေတာခြင်းသည် မိမိတို့၏ ငွေကြေးကုန်ကျစရိတ်ကို သက်သာစေရုံသာမက ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ခြင်းလည်းမည်ပါသည်။ လျှပ်စစ်ဓာတ်အား တစ်ယူနစ်လျှော့ချသုံးစွဲနိုင်တိုင်း ထိုဓာတ်အားကိုထုတ်လုပ်ရန် လောင်ကျွမ်းရမည့် လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့များ လျော့နည်းသွားမည်ဖြစ်သကဲ့သို့ လေထုအတွင်းသို့ထုတ်လွှတ်မည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များလည်း လျော့ကျသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် AI စွမ်းအင်စီမံခန့်ခွဲမှုစနစ်သည် သန့်ရှင်းစိမ်းလန်းသော ပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အဓိကကျသော မောင်းနှင်အားတစ်ရပ် ဖြစ်လာနေပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် ဉာဏ်ရည်တုနည်းပညာသည် စိတ်ကူးယဉ်အရာတစ်ခုမဟုတ်တော့ဘဲ ကျွန်ုပ်တို့၏ နေ့စဉ်လူနေမှုဘဝကို ပိုမိုအဆင်ပြေချောမွေ့စေရန် ကူညီပေးနေသည့် လက်တွေ့အသုံးဝင် နည်းပညာတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် ကမ္ဘာတစ်ဝန်း စွမ်းအင်အကျပ်အတည်းနှင့် ရာသီဥတုပြောင်းလဲမှုများကို ရင်ဆိုင်နေရသော ယနေ့ခေတ်တွင် AI နည်းပညာသုံး စွမ်းအင်စီမံခန့်ခွဲမှုစနစ်သည် နိုင်ငံတိုင်းနိုင်ငံတိုင်းအတွက် စီးပွားရေးလုပ်ငန်းများမှသည် အိမ်ထောင်စုတစ်ခုချင်းစီအထိ မရှိမဖြစ် အသုံးချသင့်သောစနစ်တစ်ခုဖြစ်ပါသည်။

နည်းပညာ၏ အကူအညီ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များနှင့် လူသားတို့၏ စွမ်းအင်ချွေတာလိုစိတ်တို့ ပေါင်းစပ်လိုက်မည်ဆိုပါက သန့်ရှင်းစိမ်းလန်းပြီး စွမ်းအင်ဈေးကွက်လူအဖွဲ့အစည်းတစ်ရပ်ကို အတူတကွ တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကား

1. Energy and AI, International Energy Agency (IEA), 2025.
2. Digitalization and AI for Power System Transformation, International Renewable Energy Agency (IRENA), 2025.

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပျဉ်းမနားမြို့နယ်ရှိ လမ်းပြကြယ်စင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ သဇင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပုဇွန်သီရိမြို့နယ် စွမ်းပြည့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း (သကြားဟင်းအိုး)တို့မှ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများနှင့်အတူ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော် လေယာဉ်များကိုလည်းကောင်း၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို လည်းကောင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု လေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ အပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယခုကဲ့သို့ လေ့လာရေးအစီအစဉ်များကို ကျောင်းသားလူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများ ရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲ လေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ နှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့ တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာ ခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလ တွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့ အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ် ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စာဆိုဗီမာန်၌ 2026 World Philosophy Day အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံတွင် အင္ဂမအကြိမ်မြောက် "World Philosophy Day" 2026 အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ "စာဆိုဗီမာန်"၌ ကျင်းပသည်။

ဦးစွာ 2026 World Philosophy Day အခမ်းအနားနှင့်ပတ်သက်၍ ဒဿနိကဗေဒဌာန ပါမောက္ခ(ဌာနမှူး)က အမှာစကားပြောကြားပြီး ယူနက်စကို၏ သဝဏ်လွှာကို ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ် ပါမောက္ခချုပ်က ဖတ်ကြားသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခ(ဌာနမှူး)(ငြိမ်း)ဒေါက်တာဖြူဖြူက Key Notes Address ပြောကြားပြီး ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန အချိန်ပိုင်းပါမောက္ခ ဒေါက်တာ လွဲလွဲဝင်းက World Philosophy Day 2026 ၏ Theme နှင့်ပတ်သက်၍လည်းကောင်း၊ မန္တလေး အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမူယာက "Why Philosophy is needed for the culture" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက စကားပိုင်းကျင်းပခဲ့ပြီး အခမ်းအနားတွင် ပါဝင် ကူညီခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



ပြင်ဦးလွင်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြော

ပြင်ဦးလွင် နိုဝင်ဘာ ၁၉

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ကလေးအလုပ်သမား ပပျောက်ရေးနှင့် ပတ်သက်၍ ဦးဗိုလ်ဗိုလ်နိုင်က ကလေးအလုပ်သမားဥပဒေနှင့် ပတ်သက်၍ လည်းကောင်း၊ ခရိုင်ပညာရေးမှူး ဦးကျော်ကျော်မွန်က ပြင်ပ ကျောင်း ပညာရေးစနစ်များနှင့် ပတ်သက်၍ လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခိုင်ယုသွယ်က အလုပ်သမား ဥပဒေနှင့်ပတ်သက်၍ လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လွဲလွဲဝင်းက အဆိုးရွားဆုံး ပုံစံဖြင့် နိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ လျော့နည်း ပပျောက်စေရေး ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များမှ ကြိုတင်ကာကွယ်သောအားဖြင့် နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ပန်းဘဲတန်းရပ်ကွက်ရှိ သူနာပြုသင်တန်းကျောင်း(ဟင်္သာတ)တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဓာတိုတိုက် လေ့ကျင့်ခြင်းနှင့်အသိပညာပေးဟောပြောပွဲကို ဟင်္သာတ ခရိုင်မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန် ဦးဆောင်၍ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း
တစ်ပိဿာ ၇၃၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၉

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်းခဲ့ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၃၇၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်း သို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

အာရှဘောလုံးအဖွဲ့ချုပ် ၂၀၂၆ ခုနှစ် အကောင်းဆုံးဆုပေးပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အခြေခံလူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးဆု (Bronze Award) ဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၁၉

အာရှဘောလုံးအဖွဲ့ချုပ်၏ ၂၀၂၆ ခုနှစ် အကောင်းဆုံးဘောလုံးဆုပေးပွဲအခမ်းအနား (AFC Awards Bangkok 2026) ကို နိုဝင်ဘာ ၁၉ ရက် ညပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) သည် အခြေခံလူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် (AFC President's Recognition Award for Grassroots Football – Bronze) ကို ဆွတ်ခူးရရှိခဲ့သည်။

AFC President's Recognition Award for Grassroots Football 2026 Awards ၏ Gold Medal ကို ဂျပန်နိုင်ငံ၊ Silver Medal ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ Bronze Medal ကို မြန်မာနိုင်ငံတို့က ရရှိသည်။ အခြေခံလူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် (AFC President's Recognition Award for Grassroots Football – Bronze) ဆုကို အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်လက်ခံရယူခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အမျိုးသား၊ အမျိုးသမီး ဘောလုံးအကယ်ဒမီများ၊ ဒေသအလိုက် ဘောလုံးလေ့ကျင့်ရေးစင်တာများ၊ သင်တန်းသား ၁၇၀၀ တက်ရောက်ခဲ့သည့် ဒေသအလိုက် နွေရာသီအခမဲ့ ဘောလုံးသင်တန်းများ၊ လူငယ်မျိုးဆက်သစ်ရွေးချယ်ရေးနှင့် လူငယ်ဘောလုံးပွဲတော်များကို ၂၀၂၆ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးသာမက အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆောင်ရွက်ခဲ့သည်။ အလားတူ ကျောင်းအခြေပြု Football For Schools



လှုပ်ရှားမှုများသာမက FIFA Arena ကဲ့သို့ ကစားကွင်းသစ်ဖော်ထုတ်မှုများ၊ ယူ-၁၂ အဆင့်မှ ယူ-၁၅ အဆင့်ထိ မျိုးဆက်သစ်ရှာဖွေဖော်ထုတ်ရေးစီမံကိန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းများကြောင့် ယခုကဲ့သို့ ရွေးချယ်ခံရခြင်းဖြစ်သည်။

သတင်း – ညီမြတ်သော်တာ၊ ဓာတ်ပုံ–AFC

* ၂၀၂၆ ခုနှစ်မှ

မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၃၁ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီးအသင်းက တတိယ၊ (၁၀)တက်လေ့ပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၁၅.၄၀ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၅.၉၄ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၂၄.၂၇ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီးအသင်းက တတိယ၊ (၂၀)တက်လေ့ပြိုင်ပွဲတွင် စံချိန် ၁ မိနစ် ၅၃.၁၇ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၁ မိနစ် ၅၆.၉၅ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၄ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယ တို့ကိုလည်းကောင်း ရရှိခဲ့သည်။

အမျိုးသား+ အမျိုးသမီး မီတာ(၂၀၀) ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၈)တက်လေ့ပြိုင်ပွဲတွင် စံချိန် ၅၅.၅၂ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၅၉.၂၀ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၅၉.၅၂ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယ၊ (၁၆)တက်လေ့ပြိုင်ပွဲတွင် စံချိန် ၄၈.၁၇ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၄၉.၂၁ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၄၉.၇၁ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယ၊ (၂၀)တက်လေ့ပြိုင်ပွဲတွင် စံချိန် ၄၄.၈၈ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၄၅.၇၈ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၅၀.၃၀ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယတို့ကိုလည်းကောင်း ရရှိခဲ့သည်။

အမျိုးသား မီတာ(၅၀၀) ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၁၀)တက်လေ့ပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၁၁.၃၁ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၁.၅၃ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၁၂.၁၉ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယတို့ကိုလည်းကောင်း ရရှိခဲ့သည်။

အမျိုးသမီး မီတာ(၅၀၀) ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၁၀)တက်လေ့ပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၂၅.၄၁ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၂ မိနစ် ၃၂.၁၉ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၃၆.၇၉ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက တတိယတို့ကိုလည်းကောင်း ရရှိခဲ့သည်။

နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲမှစ၍ ရန်ကုန်မြို့ အင်ယားကန်ရှိ မြန်မာနိုင်ငံ လေ့လော့အဖွဲ့ချုပ်၌ "၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လေ့လော့ပြိုင်ပွဲ" အမျိုးသား/ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား+အမျိုးသမီး မီတာ(၂၀၀) (၁၀)တက် လေ့ပြိုင်ပွဲ၊ အမျိုးသား မီတာ(၂၀၀) (၁၀)တက်လေ့ပြိုင်ပွဲနှင့် အမျိုးသမီး မီတာ(၂၀၀) (၁၀) တက်လေ့ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်၍ အားကစား၀ါသနာရှင် ပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်လေ့လော့ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ကိုးသင်း၊ အမျိုးသမီး အသင်း ခုနစ်သင်း၊ စုစုပေါင်းပြိုင်ပွဲဝင်အင်အား ၂၄၆ ဦး ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ထူးကြီးအသင်း(ရန်ကုန်) နာယကဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

အင်္ကပူ နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး အင်္ကပူမြို့နယ် ထူးကြီးမြို့ ပြည်သူ့အားကစားကွင်း၌ ယနေ့ မွန်းလွဲပိုင်းတွင် ထူးကြီးအသင်း(ရန်ကုန်) နာယကဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။



ဦးစွာ အထက(ထူးကြီး) ကျောင်းသူများ၏ ပန်းဖွာအက ဖြင့် အခမ်းအနားဖွင့်လှစ်ပြီး အားကစားသမားများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုခဲ့သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးနေဇော်နှင့် ထူးကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ဖြိုးတို့က အမှာစကားများ ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်များက အားကစားအဓိဋ္ဌာန် ရွတ်ဆို၍ အထက(ထူးကြီး)မှ ကျောင်းသူများက အကအလှများဖြင့် ဖျော်ဖြေပြီး ထူးကြီး(က)အသင်းနှင့် ဘုရားငုတ်တို့အသင်းတို့ ယှဉ်ပြိုင်မှုကို တက်ရောက်လာသူများက ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

✢ Myanmar Golf မှ

ဦးစွာ မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar ဥက္ကဋ္ဌ ဦးအောင်ကိုဇော်နှင့် မြန်မာဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးအေးကိုကိုစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး၊ နာယက ဦးအောင်ကြည်၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar ဥက္ကဋ္ဌ ဦးအောင်ကိုဇော်၊ မြန်မာဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးအေးကိုကိုစိုး၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ခိုင်၊ အတွင်းရေးမှူး ဦးဆန်းလွင်၊ ကွင်းလုပ်ငန်းစစ်ဆေးရေးနှင့် ဘာဂီဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်သူရဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်မင်းထွဋ်၊ ကွင်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးချစ်မင်း၊ ပြိုင်ပွဲနှင့် အချက်အပြောပေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်း၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိန်စိုးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက မြန်မာဂေါက်သီးရိုက်အသင်းသို့ Golf Course Sprinkler Head များလှူဒါန်းရာ မြန်မာဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဦးအေးကိုကိုစိုးက လက်ခံရယူသည်။ ပြိုင်ပွဲကို မျိုးဆက်သစ်ဂေါက်သီး အားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲ ပထမနေ့ကို နိုဝင်ဘာ ၁၈ ရက်၊ ဒုတိယနေ့ကို နိုဝင်ဘာ ၁၉ ရက်တွင် ပြုလုပ်သည်။ ပြိုင်ပွဲ နောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

သတင်း – ချစ်ကိုကို
ဓာတ်ပုံ – MGF

❖ M-League II မှ

တက္ကသိုလ်ကွင်း၌ ကျင်းပသည့် ပွဲတွင် VUE နေပြည်တော်အသင်းက တက္ကသိုလ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တက္ကသိုလ်အသင်းသည် ထိပ်ဆုံးမှ ရပိုင်ယူနိုက်တက်အသင်း ရှုံးပွဲကြုံတွေ့မှုကို အခွင့်ကောင်းမယူနိုင်သဖြင့် ထိပ်ဆုံးနေရာ ပြန်လည်ရယူခွင့် ဆုံးရှုံးခဲ့သည်။ VUE နေပြည်တော် အသင်းသည် တတိယမြောက်နိုင်ပွဲနှင့် အတူ ချန်ပီယံစိန်ခေါ်နိုင်သည့် အခြေအနေသို့ ပြန်လည်ရောက်ရှိလာသည်။ VUE နေပြည်တော်အသင်း အတွက် ခွန်ရဲဇော်က ၃၉၊ ၇၀ မိနစ်တို့တွင် နှစ်ဂိုးစလုံးသွင်းယူပြီး တက္ကသိုလ်အသင်းအတွက် ချေပဂိုးကို ၅၄ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် အောင်မြင့်မြတ်က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို VUE နေပြည်တော်အသင်း အတွက် နှစ်ဂိုးသွင်းယူသည့် ခွန်ရဲဇော်ကရရှိပြီး အမှတ်တရ ဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် မနောအသင်းက Enjoy Brother အသင်းကို သုံးဂိုး–နှစ်ဂိုး ဖြင့် အနိုင်ရရှိသည်။ မနောအသင်းသည် အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရရှိကာ ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ Enjoy Brother အသင်းသည် နှစ်ဂိုးအရှုံးမှ ချေပဂိုးများ ပြန်သွင်းနိုင်သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် အရေးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ မနောအသင်းအတွက် ဂိုးများကို ၆၊ ၁၀ မိနစ်တို့တွင် မင်းစိုးသန်း၊ ၈၈ မိနစ်တွင် ဥသာတို့ကသွင်းယူပြီး Enjoy Brother အသင်းအတွက် ချေပဂိုးကို ၂၉ မိနစ်တွင် ချစ်ကိုဦး၊ ၄၉ မိနစ်တွင် ထက်အာကာတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို မနောအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် ဥသာက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ်(၆)တတိယနေ့ကို နိုဝင်ဘာ ၂၀ ရက်တွင် တက္ကသိုလ်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး Elite Kings အသင်းနှင့် ရာမညယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း – ကိုညီလေး
ဓာတ်ပုံ – M-League

ဖြူးမြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား ပညာပေးမွမ်းမံသင်တန်းပေး

ဖြူး နိုဝင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား ပညာပေးမွမ်းမံသင်တန်း ပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အခွန်ဦးစီးဌာနခွဲ ပြုလုပ်သည်။



မွမ်းမံသင်တန်းတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးက ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းရောင်းချခြင်း ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေးရှင်းလင်းခဲ့ကြောင်း သိရသည်။ နေမျိုးလွင်(ပြန်/ဆက်)

အဖိုးတန်ရေချို တန်ဖိုးထားထိန်းသိမ်းကြစေလို

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်လိုအပ်



ပုသိမ် နိုဝင်ဘာ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထားလိုက်နာဆောင်ရွက်ရန်နှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ရန် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမင်းဦးက ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့နှင့် ယနေ့မွန်းလွဲပိုင်းက တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားသည်။

ဆွေးနွေးရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဒုတိယဥက္ကဋ္ဌ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးအောင်စန်းချစ်ကဖြည့်စွက်ဆွေးနွေးကာ တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး(၁)၊ တွဲဖက်အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

“အတူနွဲ့မယ် ကထိန်ပွဲ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်



နေပြည်တော် နိုဝင်ဘာ ၁၉

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက် (သောကြာနေ့) ညပိုင်းတွင် “အတူနွဲ့မယ် ကထိန်ပွဲ” တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် တေးသံရှင်များဖြစ်ကြသည့် လွင်အောင်၊ ဟိန်းရတု၊ လဝန်းအောင်၊ ပန်ဆုံပြည့်ကျော်၊ သွန်း၊ အိအိမိလိုင်၊ ထွန်းပပအောင်၊ ဖိုးသဲဦး တို့က တန်ဆောင်မုန်းလတွင် ပျော်ပျော်ရွှင်ရွှင် စုပေါင်းလှူဒါန်းကြသည့် မြန်မာတို့၏ စည်းလုံးညီညွတ်မှုနှင့် စေတနာအလှကို အထင်းသားမြင်တွေ့ရသည့် ရိုးရာဘုံကထိန်ပွဲ အကြောင်း သီကုံးရေးဖွဲ့ထားသော တေးသံသာများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

“အတူနွဲ့မယ် ကထိန်ပွဲ” တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၀ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် နိုဝင်ဘာ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၇၇၀)၊ ကျောင်သူ (၂၀)လမ်း၊ (၉)ရပ်ကွက်နေ ယာခင်းရှင်ကိုယ်ပိုင်အလယ်တန်း ကျောင်း၊ Grade –6မှ မဖူးပြည့်ရက်၏ ဖခင်အမည်မှန်မှာ ဦးသက်ကိုကိုထွန်း [၁၂/မရက(နိုင်)၁၅၂၁၃] ဖြစ်ပါကြောင်း။

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ်၊ ပြည်ကြီးရပ်ကွက်(၃၀၈)၊ ဦးပိုင်အမှတ်(၁၂)၊ ၈၉(C)လမ်း၊ ၃၂ရပ္ဝေလမ်းကြားရှိ ခေါင်ကြင်ရွာ (၉) ကျင်းရွာ အမည်ပေါက် လိုင်စင်ရ ဂရန်မဲ့မြေကွက်အား အမွေဆက်ခံ စာချုပ် အမှတ် (၁၁၅/၂၀၁၁)ဖြင့် ခေါ်မြေးမြင့်ကြွယ်၊ ခေါ်ရီရီကြွယ်တို့က ပိုင်ဆိုင်ခဲ့ပြီး ခေါ်မြေးမြင့်ကြွယ်သည် ကိတ္တိမွေးစား စာချုပ်အမှတ် (၁၃၁၈/၂၀၂၁)ဖြင့် ခေါ်စာခြည်ကျော်မင်း၊ ခေါ်စိမာကျော်မင်းတို့အား မွေးစားခဲ့ပြီး ခေါ်မြေးမြင့်ကြွယ် ကွယ်လွန်၍ အမွေဆက်ခံစာချုပ် အမှတ် (၁၂၃၁/၂၀၂၆)ဖြင့် ပိုင်ဆိုင်ခဲ့ကြသည့် ခေါ်ရီရီကြွယ် [၉/ဂရမ(နိုင်) ၀၅၈၀၁၂]၊ ခေါ်စာခြည်ကျော်မင်း [၉/ခအစ(နိုင်) ၀၁၄၄၂၂]၊ ခေါ်စိမာကျော်မင်း [၉/ခအစ(နိုင်)၀၁၄၄၂၃]တို့က လိုင်စင်ဂရန် မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်တို့ တင်ပြ၍ သက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံမြေဂရာဝင် ရေးကူးခွင့်နှင့် အမှတ္တမွှင့်လွှဲခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်အကြောင်းပြန်ကြားရန် ကန့်ကွက်လိုပါက ဦးလှမောင်(ဖုန်း ၀၉၄၂၀၀၀၀၀၁) သို့ ဆက်သွယ်ရန်၊ ဒီသတင်းစာ ထုတ်ဝေသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်ချက်မရှိပါက ကန့်ကွက်ခွင့်ပိတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖြူဖြစ်စံကိန်းနှင့် ဖြစ်စံခန့်ခွဲဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

အသင်းသားစုံညီအထူးအထွေထွေအစည်းအဝေးနှင့် (၁၅) ကြိမ်မြောက်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း၏ အသင်းသားစုံညီအထူးအထွေထွေ အစည်းအဝေးနှင့် (၁၅) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၀၂၆ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်
ကျင်းပမည့်အချိန် - မွန်းလွဲ (၁:၀၀) နာရီ
ကျင်းပမည့်နေရာ - UMFCCI Office Tower ၊ ပထမထပ်၊ မင်္ဂလာခန်းမ-၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊

အသင်း၏ ပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (မူကြမ်း)နှင့် အလုပ်အမှုဆောင်အဖွဲ့ ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းတို့ကို အသင်းသားများထံသို့ အီးမေးလ်၊ Viber တို့ဖြင့် ပေးပို့သွားမည်ဖြစ်ပါသည်။ အသင်းသားများအနေဖြင့် ပါဝင်တက်ရောက်နိုင်ပါရန်နှင့် ဆွေးနွေးအကြံပြုလိုသည်များရှိပါက အကြံပြုချက်များကို အသင်းရုံးသို့ (၁၀-၁၂-၂၀၂၆) ရက်နေ့ နောက်ဆုံး ထားပေးပို့နိုင်ပါရန်အသိပေး အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ဆက်သွယ်ရန်ဖုန်း-၀၁-၂၃၀၃၇၆၊ ၀၉-၈၈၃၈၁၅၀၀၊ ၀၉-၈၈၃၈၁၅၃၀၀

အမည်ပြောင်း

ဦးနိုင်ဝင်း [၁၂/မဂဒ(နိုင်)၁၂၇၇၈၇]၏ သား၊ မင်္ဂလာဒုံမြို့နယ်၊ MEC (ကိုယ်ပိုင်အထက် တန်းကျောင်း) မှ Grade –6 ကျောင်းသား မောင်မျိုးခန့်နိုင်အား မောင်တင့်ထူးအောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပျောက်ဆုံးကြော်ငြာ

ဦးမင်းသူ [၆/လလန(နိုင်)၁၁၂၇၇၁] ပိုင်ဆိုင်သော “MV-TRIPLE SKY” ရေယာဉ်၏ AIS Approval Certificate မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

၀၉-၇၉၉၃၇၃၇၉၉

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ရေတာရှည်ဈေးလမ်းရပ်ကွင်း၊ ဦးပိုင်အမှတ်(၁၄၉) မြေဧရိယာ (၀.၄၆)ဧကရှိ ဘိုးဘွားပိုင်မြေအား ဦးနေထက်ဝေ(၇/ရတရ(နိုင်)၀၆၉၉၃၇) အမည်သို့ ပြောင်းလဲလျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ဒီဇင်ဘာလ(၁၆) ရက် နေ့မတိုင်မီ ရေတာရှည်မြို့နယ် မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဦးနေထက်ဝေ(၇/ရတရ(နိုင်)၀၆၉၉၃၇)အမည်ပေါက်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

ဖြို့နယ်ဦးစီးဌာနမှူး
ရေတာရှည်မြို့နယ် မြေစာရင်းဦးစီးဌာန

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၆၂/၁-ခ)၊ ၈၄လမ်းအရှေ့ဘက်၊ သန့်ပါးလမ်းပေါ်ရှိ ဂရန်မဲ့မြေကွက်အမည်ပေါက်သူ ဦးတင်မောင်မြင့် ပါ-၅ဦးအနက်၊ ခင်ပွန်း ဦးတင်မောင်မြင့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၄၆/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီး သားသမီးများဖြစ်ကြသော ခေါ်ဖြူပြာအေး [၉/မရမ(နိုင်)၀၅၉၀၆၀]၊ ခေါ်ခင်သန္တာသိမ့် [၉/ခအစ(နိုင်)၀၀၃၀၆၆]၊ ခေါ်ယဉ်စန္ဒာသိမ့် [၉/ခအစ(နိုင်)၀၂၂၆၄၃] ၂ဦးနေစိုးခြင်း [၉/ခအစ(နိုင်)၀၃၅၈၀၉၂]တို့က ဂရန်စာချုပ်တင်ပြ၍မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေဂရာဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

ဖြို့ဖြစ်စံကိန်းနှင့် ဖြစ်စံခန့်ခွဲဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတန်ခူးမြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂)၊ ဦးပိုင်အမှတ်(၃၂)ခစင်း၊ ၆၀(စီ)၊ ၆၁ကြား၊ ၁၂၆x၁၇လမ်းကြားရှိ ခေါ်မျိုးမြင့်ဆွေ အမည်ပေါက် တောဂရန်မဲ့မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၃၇/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ခေါ်သင်းသင်းအေး [၉/မနတ(နိုင်)၀၈၄၁၇၉]၊ ဦးကျော်သူအေး [၉/မနတ(နိုင်)၀၀၄၂၇၈]တို့က တောဂရန်စာချုပ်နှင့်အတူ အမှတ္တတွဲအမှတ်(၃၅၇၄/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ဖြစ်စံကိန်းနှင့် ဖြစ်စံခန့်ခွဲဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

“ချစ်စရာအရွယ်ကစားကြမယ်” ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၉

“ချစ်စရာအရွယ်ကစားကြမယ်” ကလေးအစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ နိုဝင်ဘာ ၂၁ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် MRTV-HD Channelမှ ရန်ကုန်မြို့ Mother Preschool နှင့် New Generations Preschool တို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံတို့ကို ထုတ်လွှင့်ပြသမည်ဖြစ်ရာ MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်၍ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV Entertainment Channel တွင် နိုဝင်ဘာ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ပြီး MRTV – HD Channel တွင် နိုဝင်ဘာ ၂၃ ရက် (တနလ်ာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင် ထပ်မံပြသမည် ဖြစ်သည့်အပြင် MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

"ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/သမိုင်း)၊ မြေကွက်အမှတ်(၃/ခ)၊ ဝါဝါဝင်းလမ်း၊ တိုက်အမှတ်(၅၆)၊ (၁)ခန်းတွဲ Hall (၅) ထပ်တိုက်၏(ပထမထပ်/၃-ယွာ)၊ အကျယ်အဝန်း(၁၈၊၄၀၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"

အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းသည် ဦးဘုန်းညိုညွှတ်(၅/ကလထ(နိုင်)၁၈၀၁၉၈)မှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှည်အရှင်း တစ်စုံတစ်ရာမရှိကြောင်း၊ မည်သူ့ကိုမျှ ကြွေးတင်လွှဲပြောင်း ရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာလွင်(၅)၀၄၈(နိုင်)၀၃၈၈၈၂၆၉ (၁၆-၁၁-၂၀၂၆)ရက်နေ့ဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျစိုင်လုံသော တရားဝင် စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယနေ့ကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ပါဝင်(ပထမထပ်/ဘ-ယွာ)၊ (၀၉၆-၁၀၃၀၉၉)
အမှတ်(၄၀)၊ မလယ်မြို့ပဲ(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၂၄၂၈၈၅

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် (၁၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈/ဘီ၊ မြေကွက်အမှတ်-၂/ခ-၄၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၂၈၈)၊ The Century Condo, Unit-1802,18th Floor, Block-C, Type B (ဂ၀၀စတုရန်းပေ)ရှိ ကွန်ဒို တိုက်ခန်းကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်သန်းသန်း၀ေ(၁၂/လမန(နိုင်)၀၀၂၀၀၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စီလာဖြင့် (၁၁)ဦးစိုင်းအောင်မြင့်(၉/ခအဇ(နိုင်)၀၃၁၇၄၆)က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ရာ ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်း အထောက်အထားအဆိုအငြင်းပွားမှုများ ပေါ်ပေါက်ပါက ဤကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လုပ်ကိုယ်တိုင် လာရောက် ကန့်ကွက်မှီသ်ကြောင်းနှင့် အကယ်၍ အထောက်အထားဆိုင်ရာစွဲဆိုင်ကန့်ကွက်မှီခြင်း မရှိပါက ဥပဒေနှင့်အညီ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဆက်လက်၍ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နီလာမြင့် (၁၁)ဦးစိုင်းအောင်မြင့်(၉/ခအဇ(နိုင်)၀၃၁၇၄၆)၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထက်ထက်အောင်(LL.B, DIPL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၁/၂၄-ခ-၂၀၁၉)
ဖုန်း-၀၉-၇၇၉၀၅၂၅၀

ကန့်ကွက်နိုင်ပါကြောင်း

